# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက် ၊ အင်္ဂါနေ့ ၊ (26-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ၁၁၄၄၃၇၂ ဧက စိုက်ပျိုးခဲ့ပြီး ယခုနိုဝင်ဘာလ နောက်ဆုံးပတ်ထိ ၄၄၂၀၀၆ ဧက ရိတ်သိမ်းပြီးဖြစ်



ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုဝင်ဘာလကုန်ပိုင်းတွင် ရိတ်သိမ်းမည့် စပါးခင်းများကို တွေ့ရစဉ်။

**ရန်ကုန်  နိုဝင်ဘာ  ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်သူများသည် မိုးစပါး ၁၁၄၄၃၇၂ဧက စိုက်ပျိုးခဲ့ပြီး ယခု နိုဝင်ဘာလနောက်ဆုံးပတ်ထိ မိုးစပါး ၄၄၂၀၀၆ ဧကရိတ်သိမ်းပြီးဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆင်းသုခ၊ ရက် ၉၀၊ ရာကျော်၊ ရွှေဝါထွန်းစသည့် အရည်အသွေးကောင်းမွန်သော စပါးမျိုးများကို တောင်သူများစိုက်ပျိုးကြပြီး မိုးစပါး ၁၁၁၁၈၀၂ ဧက စိုက်ပျိုးပြီးချိန်တွင် မုန်တိုင်းကြောင့် မိုးစပါးစိုက်ခင်း ဧက ၇၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး ၁၁၄၄၃၇၂ ဧက ပြန်လည်စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်းရှိ ရိတ်သိမ်းပြီး မိုးစပါးစိုက်ခင်းများတွင် **စာမျက်နှာ ၁၆ ကော်လံ ၁**

**၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းမင်္ဂလာ အခမ်းအနားကျင်းပ** စာမျက်နှာ- ၁၆

**နေပြည်တော်၌ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ** စာမျက်နှာ- ၁၇

**၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၇၃၅ တွဲ ရောင်းချနိုင်ခဲ့** စာမျက်နှာ- ၁၇

**ကျန်းမာပျော်ရွှင်သော လူမှုဘဝ ရရှိရေး**

ဆောင်းပါး စာမျက်နှာ- ၂၈




ရတနာပုံ
၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

## အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး စုပေါင်းကြိုးပမ်းပေး

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားဆောင်ရွက်မှုသည် နှစ်စဉ် နိုဝင်ဘာလ ၂၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့မှစ၍ ဒီဇင်ဘာလ ၁၀ ရက်တွင် ကျရောက်သည့် လူ့အခွင့်အရေးနေ့အထိ ဖြစ်သည်။ အဆိုပါ ၁၆ရက်တာလှုပ်ရှားမှုသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပက်သက်ပြီး မီးမောင်းထိုးပြရန်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ဆောင်ရွက်မှုများပေါ်ပေါက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့သည် ကျား၊ မ သာတူညီမျှရှိရေး၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရေး၊ ဖိနှိပ်ချုပ်ချယ်မှုကင်းဝေးစေရေးတို့ဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးကို ဦးဆောင်ဆောင်ရွက်လျက်ရှိသော်လည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးသုံးဦးလျှင် တစ်ဦးမှာ အကြမ်းဖက်မှုတစ်ခုခုကို ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။ အမျိုးသမီးများရင်ဆိုင်ကြုံတွေ့နေကြရသည့် အကြမ်းဖက်မှုများကို ဖော်ပြရမည်ဆိုလျှင် အိမ်တွင်းအကြမ်းဖက်မှု၊ ခင်ပွန်းသည်၏ အဓမ္မပြုကျင့်မှု၊ ကိုယ်ထိလက်ရောက်အကြမ်းဖက်မှု၊ လုပ်ငန်းခွင်နှင့် အများပြည်သူဆိုင်ရာနေရာများတွင် အမျိုးသမီးများကို ကာယိန္ဒြေပျက်စေမှု၊ နှောင့်ယှက်မှု၊ လူကုန်ကူးမှု၊ ပြည့်တန်ဆာအဖြစ်စေခိုင်းခံရမှု စသည်တို့ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ယနေ့ခေတ်ကာလတွင် အသစ်ထပ်တိုးလာသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှာ အင်တာနက်သတင်းအချက်အလက်နည်းပညာအသုံးပြု၍ အွန်လိုင်းမှ နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသည့် ရုပ်ပုံများဖြန့်ဝေခြင်း၊ နောက်ယောင်ခံစောင့်ကြည့်ခြင်းတို့ဖြစ်ပြီး ထိုသို့ အကြမ်းဖက်ခံရသည့် အမျိုးသမီးများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး လူ့အခွင့်အရေးကို ချိုးဖောက်ရာလည်းရောက်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းသည် ကျူးလွန်ခံရသူအမျိုးသမီးများတွင်သာမက ၎င်း၏ မိသားစု၊ လူ့အဖွဲ့အစည်းအပေါ်တွင်လည်း ဆိုးရွားသောအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံသည် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံသည် အာဆီယံအမျိုးသမီးကော်မတီ၊ ကလေးသူငယ်အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံလည်းဖြစ်သောကြောင့် အာဆီယံနိုင်ငံများနည်းတူ အမျိုးသမီးများနှင့်မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများ၏အခန်းကဏ္ဍကို အလေးပေးမြှင့်တင်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်မကရှိသော အမျိုးသမီးထု၏ အခွင့်အရေးနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ အကာအကွယ်ပေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ခြင်းပင်ဖြစ်ပါသောကြောင့် “အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ဖို့ အားလုံးပေါင်းစုကြိုးပမ်းလို့ ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် နှစ်(၃၀)ပြည့်ဆီ အရောက်လှမ်းစို့” ဟူသော ယခုနှစ်ဆောင်ပုဒ်အတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူအားလုံးက တက်ကြွစွာပူးပေါင်းပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိုရပ်တန့်ရေးတွင် ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လျက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကို အလေးထားရေးသားအပ်ပါသည်။

## ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၂၅၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ဟုမ္မလင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၂၅၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ကေ ၂၉၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ၁၁၂၉ ကေနှင့် မိုပိုင်းလွတ်မြို့တွင် ၁၂၂ ကေ စုစုပေါင်း ၁၂၅၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီဟုမ္မလင်းခရိုင်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ကေ ၂၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိကေ ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်စေဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်စေဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးနိုင်စေဖို့ တောင်သူတွေကို နည်းပညာတွေပေးပါတယ်" ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

## မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် နှမ်းနှင့်ပဲဇီးကွက်များ အရောင်းအဝယ်ကောင်းမွန်လာ



**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲဇီးကွက်အရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က နှမ်းနှင့်ပဲဇီးကွက်မှာ ပြည်တွင်းဈေးကွက်အတွင်းမှ ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ လက်ရှိတွင် နှမ်းနှင့် ပဲဇီးကွက်ကို ကုန်သည်များဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း သိရသည်။

"နှမ်းနဲ့ ပဲဇီးကွက်က အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲအရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါဝယ်ယူမှုတွေရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

ယခု ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲဇီးကွက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ ပဲဇီးကွက်ကို တရုတ်နိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ကုလားပဲ(V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ ကုလားပဲ(TW) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၁၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ပန်းခရု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သိန်းသိန်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ပန်းခရုပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပန်းခရုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဖျာပုံမြို့နယ်ကနေ ပန်းခရုတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေရဲ့ လတ်ဆတ်မှုနဲ့သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ပန်းခရုတွေကို လတ်တလောပင်လယ်စာအရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာဖြစ်ပါတယ်''ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သိန်းသိန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက်ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငဖဲမြို့နယ် အိုးမြေခုံကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ငဖဲ နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် မင်းလွင်ကျေးရွာအုပ်စု အိုးမြေခုံကျေးရွာ၌ မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ အိုးမြေခုံကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အိုးမြေခုံကျေးရွာ၌ အရှည် ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၈ သိန်း၊ စုစုပေါင်းငွေကျပ် ၁၇၈ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အမရပူရမြို့ တန်းကျေးရွာနေ ကိုလှဝင်းနှင့်မောင်နှမတစ်စုတို့က အဖ ဦးမြသော်-အမိ ဒေါ်တင်ရွှေ တို့အားရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက ဦးမောင်ကို၊ ဂရိတ်ဦးမြဝင်း၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်းနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီအဖွဲ့ဝင် ဦးအောင်နိုင်ဆွေတို့က လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၈၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မင်းကင်း နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၈၉၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၇၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှစတင်၍ ယနေ့ထိ ရိတ်သိမ်းခဲ့ရာ ၉၈၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၄၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ စပါး ၁၁၇၁၄ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၉၈၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးစသည့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှား ကျရောက်မှု ကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# အုတ်တွင်းမြို့နယ် မကြီးပင်စုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

အုတ်တွင်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကြီးပင်စုကျေးရွာ၌ ကျေးရွာတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဇင်မာမြင့် နှင့်ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မကြီးပင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေ ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မကြီးပင်စုကျေးရွာ၌ အရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို VDP စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇွန်လ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေတ် ၄၇၉၁ ဧက စိုက်ပျိုးမည်

မြောင်းမြ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေတ် ၄၇၉၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ရေတ် ၄၇၉၁ ဧကကို နိုဝင်ဘာလ တတိယပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရေတ်များ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေတ်တွေ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒီနှစ်မှာ ရေတ်တွေကို ဈေးကွက်ဝင်ပြီး အထွက်နှုန်းကောင်းမွန်တဲ့ ဒေသရာသီဥတု၊ မြေအနေအထားနဲ့ကိုက်ညီတဲ့ သီးနှံအမျိုးအစားကို ရွေးချယ်စိုက်ပျိုးမှာဖြစ်ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ရေတ်မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်စိုက်ပျိုးလာတာတွေ့ရပါတယ် ။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်းသီးနှံတွေမစိုက်မီ ကြိုတင်စီမံဆောင်ရွက်ပေးနေပါတယ်။ ဆက်လက်ပြီးလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် စိုက်ပျိုးသွားမည့် ရေတ်များ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ အထွက်နှုန်းကောင်းမွန်စေရန် စသည့်လုပ်ငန်းများကို ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မြေဆီလွှာနှင့်မြေသြဇာ အပိုင်း (၁၄)

**ပါမောက္ခကိုကိုအောင်**

မြေမှုန့်ငယ်နှင့် ထိတွေ့လျက်ရှိသောရေတွင် အပင်စာများက ပျော်ဝင်လျက်ရှိနေပြီး အရေးကြီးသောဓာတ်ပြုမှုများကလည်း ဖြစ်ပေါ်လျက်ရှိသည်။ ၎င်းရေထဲတွင် အပင်စာများဖြင့် အာဟာရဓာတ်များ ပြည့်ဝလျက်ရှိနေသောကြောင့် အမြစ်မွှေးများက ထိုရေကိုလိုအပ်သည်။ အမြစ်မွှေးများကစုပ်ယူရန် လိုအပ်နေသောရေသည် ပေါ့ပါးသွက်လက်စွာ ရွေ့လျားသွားလာနိုင်ရန်လိုအပ်သည်။ သက်မဲ့ဖြစ်သော ရေက ပေါ့ပါးသွက်လက်စွာ လှုပ်ရှားသွားလာရန် ဖြစ်နိုင်ပါမည်လောဟု တွေးတောဆင်ခြင်စရာရှိသည်။

ရေ၏သဘောသဘာဝက အလိုအလျောက် မျက်နှာပြင်ညှိနှိုင်းခြင်းပင်ဖြစ်သည်။ အင်အားကြီးမားသော ရေအောက်ငလျင်လှုပ်ခတ်မှုကြောင့် ပင်လယ်ကြမ်းပြင်ကြီးက အက်ကွဲသွားသည့်အခါ အဆိုပါအက်ကွဲကြောင်းကြီးအတွင်းသို့ နီးရာနေရာမှရေများက ကမ္ဘာ့မြေဆွဲအားကြောင့် ချက်ချင်းဆိုသလို စီးဆင်းဝင်ရောက်သွားကြသည်။ ထိုကဲ့သို့သောဖြစ်စဉ်ကြီးကြောင့် အက်ကွဲကြောင်းရှိရာနေရာတစ်ဝိုက်ရှိ ပင်လယ်ရေမျက်နှာပြင်ကြီးက ရုတ်တရက် နိမ့်ဆင်းသွားရသည်။ ချက်ချင်းဆိုသလိုပင် အဆိုပါရေမျက်နှာပြင် နိမ့်ကျသွားရာဆီသို့ အဝေးမှ ပင်လယ်ရေထုကြီးက မျက်နှာပြင်ညှိရန်အတွက် အလုံးအရင်းနှင့် ရွေ့လျားရောက်ရှိလာတော့သည်။ ထိုဖြစ်စဉ်ကို ဂျပန်ဘာသာအားဖြင့် ဆူနာမီ(Tsunami)ဟုခေါ်တွင်ကြသည်။ ဤသည်ကား ရေ၏အလိုအလျောက် မျက်နှာပြင်ညှိတတ်သော သဘောသဘာဝ၏ ထင်သာမြင်သာရှိသော ဥပမာပင်ဖြစ်သည်။

မြေဆီလွှာအတွင်းရှိ ရေတို့သည်လည်း အထက်ဖော်ပြပါဥပမာကဲ့သို့ပင် ရေမြေးထူသောနေရာမှ ရေများက ရေမြေးပါးသောနေရာများဆီသို့ စီးဝင်ရောက်ရှိလာသောကြောင့် မြေဆီလွှာ၏နေရာအနှံ့ အပြားတွင် ရေမြေးအထူအပါးက သဘာဝအလျောက် တစ်ညီတစ်ညာတည်းရှိနေကြသည်။ အမြစ်မွှေးများက နီးကပ်သောမြေမှုန့်ငယ်များထဲမှရေကို စုပ်ယူလိုက်ချိန်တွင် ပါးလွှာသွားသောရေမြေးဆီသို့ အဘက်ဘက်ကရေများက စီးဝင်ရောက်ရှိလာကြသည်။ ဤနည်းအားဖြင့် အမြစ်မွှေးများက ရေကို စဉ်ဆက်မပြတ် ရရှိနေကြသကဲ့သို့ ရှေ့ကစုပ်ယူလိုက်သောရေထဲရှိ အပင်စာများကို သုံးစွဲလိုက်ပြီးချိန်တွင် နောက်ထပ်စုပ်ယူမည့်ရေထဲ၌ အပင်စာများက အလိုအလျောက်ပင် အသင့်ဖြစ်လျက်ရှိနေကြပေသည်။

မိုးရွာသွန်းသည့်အခါများ၌ဖြစ်စေ၊ ရေလောင်းလိုက်သည့်အခါ၌ဖြစ်စေ၊ မြေဆီလွှာအတွင်းသို့ ထိုရေများက စိမ့်ဝင်ရောက်ရှိသွားကြသည်။ စိမ့်ဝင်ရောက်ရှိလာကြသောရေတို့သည် မြေဆီလွှာ၏ မြေမှုန့်ငယ်များနှင့်ထိတွေ့သည့်အခါ ကနဦးတွင် ရေမြေးများအဖြစ် ကပ်ငြိနေကြသည်။ သို့ရာတွင် အဆက်မပြတ်စိမ့်ဝင်ရောက်ရှိလာသည့် ထပ်တိုးရေတို့ကြောင့်ရေမြေးများကပိုမိုထူထဲလာကြကာ မြေမှုန့်ငယ်တို့က ထိန်းမထားနိုင်တော့သဖြင့် ထိုရေပိုတို့မှာ မြေဆီလွှာအတွင်းရှိ နေရာလွတ်များ၌ သွားရောက်စုပုံနေကြတော့သည်။ နောက်ဆုံးတွင် ကမ္ဘာမြေဆွဲအားကြောင့် အောက်ဘက်သို့စီးဆင်းသွားကာ ရေလွှတ်အဖြစ်သို့ ရောက်ရှိသွားသည်။



စိုက်ခင်းများ၌မြှုပ်သွင်းထားသော ရေထုတ်သည့် အုတ်ကြွပ်ပိုက်များမှ စီးထွက်လာသည့်ရေများသည်လည်းကောင်း၊ ရေထုတ်မြောင်းများမှ စီးထွက်လာသော ရေများသည်လည်းကောင်း၊ မြေဆီလွှာထဲရှိ ရေလွှတ်များဖြစ်ကြသည်။ ရေလွှတ်များသည် ရေမြေးများကဲ့သို့ မြေမှုန့်ငယ်များနှင့် ကပ်ငြိလျက်မရှိသည့်အပြင် မြေဆီလွှာအတွင်း၌လည်း ကြာရှည်နေလေ့မရှိကြပေ။ သို့ဖြစ်၍ ရေလွှတ်များသည် အပင်၏အမြစ်မွှေးများအတွက် အသုံးဝင်မှုမရှိသလောက်ပင်ဖြစ်သည်။

မြေဆီလွှာထဲ၌ ရေကိုထိန်းသိမ်းထားရန် နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမနည်းလမ်းမှာ မြေဆီလွှာထဲတွင်ရှိသောရေကို အလဟဿဆုံးရှုံးသွားခြင်းမရှိရလေအောင် ကာကွယ်ပေးခြင်းနှင့် လိုအပ်ပါက ရေသွင်းပေးခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းကမူ မလိုလားအပ်သောရေများကို စိုက်ခင်းအတွင်းမှ ထုတ်ပစ်ခြင်းဖြစ်သည်။ ရေပိုစွန့်ထုတ်ရာတွင် အထက်ဖော်ပြပါ အုတ်ကြွပ်ပိုက်များ ချခြင်းနှင့် ရေထုတ်မြောင်းဖောက်ခြင်းနည်းလမ်းများကို အသုံးပြုနိုင်သည်။

မြေဆီလွှာအတွင်းရှိရေပိုများသည် ၎င်းမြေဆီလွှာအတွင်းသို့ ပြင်ပလေများ ဖြတ်သန်းဝင်ရောက်ခြင်းကို ပိတ်ဆို့စေသဖြင့် အပင်၏ ရှင်သန်ဖွံ့ဖြိုးမှုကို များစွာထိခိုက်စေနိုင်သည်။ ရေလွှတ်များပိတ်ဆို့နေခြင်းသည် အပင်များအတွက်သာမက ဗက်တီးရီးယားတို့၏ သဘာဝအလျောက် ရှင်သန်လုပ်ဆောင်မှုများကိုပါ ထိခိုက်ဆုတ်ယုတ်စေသည်။ ထို့ကြောင့်ပင် ကောက်ပဲသီးနှံစိုက်ပျိုးသော တောင်သူတို့အဖို့ ရေလွှတ်ရေပိုများကို တတ်နိုင်သရွေ့ လျင်မြန်စွာ စီးထွက်သွားစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြေဆီလွှာအတွင်းရှိ ရေလွှတ်ရေပိုများကို လျင်မြန်စွာ ထုတ်ပစ်နိုင်လေ မြေဆီလွှာအခြေအနေ၊ မြေဆီလွှာအတွင်းရှိ ဓာတ်ပစ္စည်းတို့၏အခြေအနေနှင့် ဗက်တီးရီးယားတို့၏အခြေအနေက မြန်မြန်ဆန်ဆန် တိုးတက်ကောင်းမွန်လာလေဖြစ်သည်။ အပင်စာများထုတ်လုပ်သည့် သဘာဝလုပ်ငန်းစဉ်ကလည်း ပိုမိုတွင်ကျယ်လာမည်ဖြစ်သည်။ အုတ်ကြွပ်ပိုက်ချခြင်းနှင့် ရေပိုထုတ်မြောင်းဖောက်ခြင်းတို့အပြင် ထွန်ကြောင်းများကို နက်နက်ထွန်ခြင်း၊ တစ်နည်းအားဖြင့် ထွန်ရေးနက်ခြင်းသည်လည်း မြေဆီလွှာကို ပွယောင်းလာစေပြီး ရေပိုများကို လွယ်လင့်တကူ စီးထွက်သွားစေမည်ဖြစ်သည်။ မြေဆီလွှာကို မြေမှုန့်ငယ်ကလေးများဖြစ်လာအောင် ပြောင်းလဲပေးကြသော အင်အားစုမှန်သမျှတို့က ကောက်ပဲသီးနှံတို့၏ ကြီးထွားဖွံ့ဖြိုးမှုကို နှောင့်ယှက်ဟန့်တားနေသည့် ရေလွှတ်ရေများကို မြေဆီလွှာအတွင်းမှ ပြင်ပသို့ ထွက်ခွာသွားအောင် လုပ်ဆောင်နိုင်စွမ်းရှိကြသည်။

ရေလွှတ်ရေပိုများမရှိသော မြေဆီလွှာသည် အပင်များအတွက် အလွန်သင့်လျော်သော မြေဆီလွှာဖြစ်သည်။ အပင်ကြီးငယ်တို့အတွက် မြေဆီလွှာ၏ မြေမှုန့်ငယ်များ၌ကပ်ငြိနေကြသော ရေမြေးများက သာလျှင် အသုံးဝင်ကြသည်ဖြစ်ရာ တစ်ကေကျယ်ဝန်းသော သာမန်မြေဆီလွှာတွင် ရှိနေကြသော ရေမြေးတို့၏ပမာဏမှာ ပေါင်ချိန်နှစ်သန်းမှ သုံးသန်းထိပင်ဖြစ်သည်။ ဤမျှပမာဏများပြားလှသောရေသည် သာမန်ကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းရန်အတွက် ကောင်းစွာလုံလောက်မှုရှိသည်။

သို့ရာတွင် အပင်များက ထိုရေပမာဏအားလုံးကို အသုံးမပြုနိုင်ကြပေ။ မြေမှုန့်ငယ်များ၏ ပတ်ပတ်လည်တွင် ထိန်းသိမ်းထားကြသော ရေမြေးတို့၏ ပမာဏက ကြီးမားလှသဖြင့် ၎င်းပမာဏ၏တစ်စိတ်တစ်ဒေသမျှလောက်ကိုသာ အမြစ်မွှေးများက စုပ်ယူသုံးစွဲနိုင်ကြသည်။ ရေမြေးပမာဏစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းခန့်ထိမှာ အပင်၏အမြစ်မွှေးများက စုပ်ယူအသုံးပြုနိုင်မှုမရှိသဖြင့် သိပ္ပံပညာရှင်တို့က ၎င်းကို အပင်အသုံးမပြုနိုင်သောရေမြေးဟု ခေါ်ဆိုကြသည်။

ဤသို့အားဖြင့် မြေဆီလွှာအတွင်း၌ အပင်က စုပ်ယူအသုံးပြုနိုင်သော ရေမြေးများ၊ အပင်ကစုပ်ယူအသုံးပြုနိုင်ခြင်းမရှိသော ရေမြေးများနှင့် အပင်များအတွက် လုံးဝအသုံးမဝင်သော ရေလွှတ်များဟူ၍ မြေဆီလွှာတွင် ရေသုံးမျိုးသုံးစား ခွဲခြားသတ်မှတ်ခြင်းကို ခံကြရလေသည်။

ဤနေရာတွင် အပင်က စုပ်ယူအသုံးပြုနိုင်သော ရေမြေး၊ တစ်နည်းဆိုရသော် အပင်စာများပါရှိနေသည့် ရေမြေးများဖြစ်ပေါ်မလာမီတွင် အပင်က အသုံးမပြုနိုင်သော ရေမြေးများကပါ ရှိနေရန်လိုအပ်သည်။ ဆိုလိုသည်မှာ အပင်စာများပါဝင်နေသော ရေမြေးထုများဖြစ်ပေါ်လာစေရန်အတွက် အပိုရေမြေးများအပါအဝင် မြေဆီလွှာထဲ၌ ရေအလုံအလောက်ရှိနေရန် လိုအပ်သည်။ သို့ရာတွင် မြေဆီလွှာအတွင်းရှိ ကြားနေရာလွတ်များ၌ လေဝင်ပေါက်များကို ပိတ်ဆို့စေတတ်သောရေလွှတ်များ ဖြစ်ပေါ်လာစေရန်အတွက်ကိုမူ ရေပမာဏ များများစားစားမလိုအပ်ပေ။

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၄၉၉ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၉၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၄၉၉ ဧကကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လုပ်နေပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံ ၂၄၉၉ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေမှာ ပိုးမွှားအန္တရာယ် ကင်းရှင်းဖို့က အဓိကဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့၊ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သဘော်၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် ပြန်လည်ခူးဆွတ်သည့်အချိန်ထိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ခင်းများထိသွားရောက်ပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၃၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၇၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချောင်းဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၂၇၆၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၃၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧကဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေး အတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသောနေကြာများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

## မြို့သစ်မြို့နယ် စစ်တောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် စစ်တောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စစ်တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စစ်တောကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း ၂၄၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၀၅ အိမ်မှ လူဦးရေ ၉၆၅ ဦး၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဦး

## ထာဝရငြိမ်းချမ်းရေးပန်းတိုင်သို့

- ဒီမြေနဲ့ဒီရေ
  အတူနေ အတူသောက်
  တစ်မိပေါက်တွေ၊
  အတိတ အသ၍
  အမိမြေ အခြေကျ၊
  အေးအတူ ပူအမျှ
  ခေးမဦးချ။

- ပြန်အလှန် လေးစားမှု
  ယုံကြည်မှု ခိုင်ခိုင်မာ
  ငြိမ်းချမ်းရေး လက္ခဏာ၊
  ထိန်းသိမ်းကြ စဉ်မကွာ
  ပွားစီးကာ လက်ဆင့်ကမ်း၊
  မျိုးဆက်သစ် တစ်စိတ်တစ်ဝမ်း
  ဦးထမ်းပွဲထမ်း။

- တိုင်းပြည်နယ် တစ်နံတစ်လျား
  သွေးသားတို့ ညီညီညာ
  တွဲလက်မကွာ၊
  ယုံကြည်မှု ခိုင်ခိုင်မာ
  စွန့်ပယ်ခွာ သံသယ၊
  လေးစားစွာ အတူတကွ
  ဖော်ဆောင်ကာ ကြိုးလုံ့လ
  ငြိမ်းချမ်းရေး ထာဝရ
  စိတ်ချလက်ချ။ ။

ကျော်စောဟန်

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# သန်းခေါင်စာရင်းကောက်ခံမှု ပဏာမရလဒ်များအရ အီရတ်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၄၅ ဒသမ ၅ သန်းထိ မြင့်တက်လာ



ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

ပြည်လုံးကျွတ် လူဦးရေ သန်းခေါင်စာရင်း ကောက်ခံမှုလုပ်ငန်းစဉ်မှ ပေါ်ထွက်လာသည့် ပဏာမရလဒ်များအရ အီရတ်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၄၅ ဒသမ ၅ သန်းထိ မြင့်တက်လာကြောင်း အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီယားအယ်လ်ဆူဒါနီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အီရတ်နိုင်ငံသည် ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်း ကောက်ခံမှုလုပ်ငန်းစဉ်ကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါပြည်လုံးကျွတ်လူဦးရေ သန်းခေါင်စာရင်းကောက်ခံမှုသည် အီရတ်နိုင်ငံအတွက် နှစ်ပေါင်း ၃၀ ကျော်ကြာကာလအတွင်း ပထမဆုံး ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံမှုဖြစ်သည်။

လူဦးရေ သန်းခေါင်စာရင်းကောက်ခံမှုလုပ်ငန်းစဉ်မှထွက်ပေါ်လာသည့် ပဏာမရလဒ်များအရ အီရတ်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၄၅ ဒသမ ၅ သန်းထိရှိပြီး မူလခန့်မှန်းထားသည်ထက်မြင့်တက်လာကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြည်လုံးကျွတ် လူဦးရေ သန်းခေါင်စာရင်းကောက်ခံမှုမပြုလုပ်မီက အီရတ်နိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၄၃ သန်းထိ ရှိနိုင်ကြောင်း အီရတ်အစိုးရက ခန့်မှန်းထားသည်။

အီရတ်နိုင်ငံသည် ပြည်လုံးကျွတ်လူဦးရေ သန်းခေါင်စာရင်းကောက်ခံမှုကို ၁၉၉၇ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စု အစ္စရေးကို ဒုံးကျည်အစင်း ၂၅၀ဖြင့် ပစ်ခတ်

ဂျေရုဆလင် နိုဝင်ဘာ ၂၅

လက်ဘနွန်နိုင်ငံ အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုသည် နိုဝင်ဘာ ၂၄ ရက်တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်အများအပြားဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အချို့ဒုံးကျည်များမှာ တဲလ်အဗစ်မြို့အနီးထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် ဟစ်ဇ်ဘိုလာအုပ်စုက အစ္စရေးကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်က နိုဝင်ဘာ ၂၃ ရက်တွင် ပြုလုပ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုကြောင့် ဘေရွတ်မြို့၌အနည်းဆုံး လူပေါင်း ၂၉ ဦး သေဆုံးခဲ့ရသည်။

ဟစ်ဇ်ဘိုလာအုပ်စု၏ ဒုံးကျည်များကြောင့် တဲလ်အဗစ်မြို့အနီး၌ လူနေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

တဲလ်အဗစ်မြို့အနီးရှိ အစ္စရေးစစ်စခန်းနှစ်ခုကို ပစ်မှတ်ထားမှုမှ တိကျသည့် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာအုပ်စုက အတည်ပြုသတင်းထုတ်ပြန်ထားသည်။

အစ္စရေးတပ်မတော်၏ အဆိုအရ ဟစ်ဇ်ဘိုလာအုပ်စုသည် နိုဝင်ဘာ ၂၄ ရက်တွင် ဒုံးကျည်အစင်း ၂၅၀ ပစ်လွှတ်ခဲ့ပြီး အများအပြားကို ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# မနီလာမြို့ ဆင်းရဲသားရပ်ကွက်၌ မီးအကြီးအကျယ်လောင်ကျွမ်း အနည်းဆုံး အိမ်ထောင်စု ၂၀၀၀ အိုးအိမ်မဲ့ဘဝရောက်ခဲ့ရ

မနီလာ နိုဝင်ဘာ ၂၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အတွင်းရှိ ဆင်းရဲသားရပ်ကွက်တစ်ခု၌ နိုဝင်ဘာ ၂၄ ရက်က မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ရာ အနည်းဆုံး အိမ်ထောင်စု ၂၀၀၀အိုးအိမ်မဲ့ဘဝ ရောက်ခဲ့ရကြောင်း သိရသည်။

အစ္စလာပူတင်းဘာဘို အမည်ရှိ အဆိုပါဆင်းရဲသားရပ်ကွက်၌ ဖြစ်ပွားခဲ့သော အဆိုပါမီးလောင်ကျွမ်းမှုမှာ ရှစ်နာရီနီးပါးကြာမြင့်ခဲ့ကြောင်း ဖိလစ်ပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆင်းရဲသားရပ်ကွက် မီးလောင်ကျွမ်းမှုအတွင်း လူနေအိမ် အလုံး ၁၀၀၀ခန့် မီးလောင်ပျက်စီးခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်တာဝန်ရှိသူများသည် အစ္စလာပူတင်းဘာဘိုဆင်းရဲသားရပ်ကွက် မီးလောင်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

မနီလာမြို့ ဧရိယာအတွင်းရှိ ဆင်းရဲသားရပ်ကွက် မီးလောင်မှုများမှာ ရံဖန်ရံခါလျှပ်စစ်ဝိုင်ယာကြိုးပြဿနာများကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများဖြစ်ကြသည်။

အစ္စလာပူတင်းဘာဘိုဆင်းရဲသားရပ်ကွက်မီးလောင်မှုအတွင်း ထိခိုက်သေဆုံးသူ မရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# ဒီအိတ်ချ်အယ်လ်ကုန်တင်လေယာဉ် လစ်သူယေးနီးယားနိုင်ငံ၌ ပျက်ကျ

ဗီးလ်နီးယပ်စ် နိုဝင်ဘာ ၂၅

ဂျာမနီနိုင်ငံအခြေစိုက် ဒီအိတ်ချ်အယ်လ် ထောက်ပံ့ကုမ္ပဏီ၏ ကုန်တင်လေယာဉ်တစ်စင်းသည် လစ်သူယေးနီးယားနိုင်ငံ ဗီးလ်နီးယပ်စ်လေဆိပ်သို့ ယနေ့တွင် ဆင်းသက်ရန် ကြိုးစားနေစဉ် ပျက်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီအိတ်ချ်အယ်လ် ကုန်တင်လေယာဉ်သည် ဗီးလ်နီးယပ်စ်လေဆိပ်သို့ ဆင်းသက်ရန် ကြိုးပမ်းစဉ် လေဆိပ်အနီးရှိ လူနေအိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ် လိုက်ပါလာသူများ အနက် တစ်ဦးသေဆုံး၍ သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း လစ်သူယေးနီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒီအိတ်ချ်အယ်လ် ကုန်တင်လေယာဉ်သည် ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်မြို့မှ ထွက်ခွာလာသော လေယာဉ်ဖြစ်သည်။

လက်ရှိအချိန်တွင် ဒီအိတ်ချ်အယ်လ်ကုန်တင်လေယာဉ်ပျက်ကျမှုအကြောင်းရင်းကို လစ်သူယေးနီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပဏာမစစ်ဆေးမှု ရလဒ်များအရ ယင်းလေယာဉ်သည် မပျက်ကျမီပေါက်ကွဲမှု တစ်စုံတစ်ရာဖြစ်ခဲ့သည့်လက္ခဏာမျိုး မတွေ့ခဲ့ရကြောင်း လစ်သူယေးနီးယားတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

Ref : RT

Trs : KKO

# ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း တူကီယဲနိုင်ငံ အင်တာလျာလေဆိပ်သို့ဆင်းသက်စဉ် အင်ဂျင်မီးလောင်

အင်တာလျာ နိုဝင်ဘာ ၂၅

ရုရှားနိုင်ငံအခြေစိုက် အက်ဇီးမက်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် နိုဝင်ဘာ ၂၄ ရက်က တူကီယဲနိုင်ငံ အင်တာလျာမြို့ အင်တာလျာလေဆိပ်သို့ဆင်းသက်စဉ်လေယာဉ် အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့သည်။

သို့ရာတွင် ယင်းခရီးသည်တင်လေယာဉ်ပေါ်တွင် လိုက်ပါလာသည့်ခရီးသည် ၈၇ဦးနှင့် လေယာဉ်အမှုထမ်းလေးဦးတို့ကို အထိအခိုက်မရှိကယ်ထုတ်နိုင်ခဲ့ကြောင်း အင်တာလျာလေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆူခွိုင်းစူပါဂျက် ၁၀၀ အမျိုးအစား ၎င်းခရီးသည်တင်လေယာဉ်သည် အင်တာလျာလေဆိပ်သို့ ဆင်းသက်ချိန်တွင် လေယာဉ်ဝဲဘက် အင်ဂျင်မီးလောင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဆူခွိုင်းစူပါဂျက် ၁၀၀ ခရီးသည်တင်လေယာဉ် အင်ဂျင်မီးလောင်မှုကိုအင်တာလျာလေဆိပ် မီးသတ်တပ်ဖွဲ့က အချိန်အနည်းငယ်အတွင်း ထိန်းချုပ်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ဆူခွိုင်းစူပါဂျက်၁၀၀ခရီးသည်တင်လေယာဉ် အင်ဂျင်မီးလောင်မှုအကြောင်းရင်းကိုမသိရသေးကြောင်း အက်ဇီးမက်လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ရုရှားခရီးသည်တင်လေယာဉ် အင်ဂျင်မီးလောင်မှုကြောင့် အင်တာလျာလေဆိပ်သို့ လေယာဉ်ဆင်းသက်မှုများကိုယာယီရပ်ဆိုင်းထားခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၂၀ လွှတ်တင်



ဝါရှင်တန် နိုဝင်ဘာ ၂၅

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအစင်း ၂၀ ကို နိုဝင်ဘာ ၂၄ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ် ဂြိုဟ်တုသစ်အစင်း ၂၀ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူး အဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး မိနစ် ၆၀ ကျော်တွင် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်မစ်ရှင်တွင် လွှတ်တင်ခဲ့သော စတားလင့်ခ် ဂြိုဟ်တုသစ်အစင်း ၂၀ အနက် ၁၃ စင်းမှာ မိုဘိုင်းလ်ဖုန်းများအတွက် အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သည့် ဂြိုဟ်တုများဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၄ ရက် စတားလင့်ခ် မစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ယခုနှစ်အတွက် ၁၁၅ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကျုံ့နိုင်ဆန့်နိုင်သော အာကာသယာဉ်ပင်မကိုယ်ထည်အငယ်စားတစ်ခုကို ကမ္ဘာပတ်လမ်းပေါ်၌ တရုတ်အမျိုးသားအာကာသအေဂျင်စီ စမ်းသပ်ခဲ့

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကျုံ့နိုင်ဆန့်နိုင်သော အာကာသယာဉ်ပင်မကိုယ်ထည်အငယ်စားတစ်ခုကို ကမ္ဘာပတ်လမ်းပေါ်၌ စမ်းသပ်ခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါပြန့်ကားဆန့်ထွက်နိုင်စွမ်းရှိသော အာကာသယာဉ်ပင်မကိုယ်ထည်အငယ်စား စမ်းသပ်မှုကို ရှိကျိယန်-၁၉ အမည်ရှိ အာကာသမစ်ရှင်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု တရုတ်အမျိုးသားအာကာသအေဂျင်စီ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

CAST ဟူ၍ အမည်ပေးထားသည့် အထက်ပါ အာကာသယာဉ်ပင်မကိုယ်ထည် အငယ်စားကို ရှိကျိယန်-၁၉ ဂြိုဟ်တုနှင့်အတူ လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် ယခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



CAST အာကာသယာဉ် ပင်မကိုယ်ထည်ပုံစံသစ်၏ ကမ္ဘာပတ်လမ်း စမ်းသပ်မှုများမှာ နိုဝင်ဘာ ၂၁ ရက်တွင် အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ကျုံ့နိုင်ဆန့်နိုင်သော အာကာသယာဉ်ပင်မကိုယ်ထည် အငယ်စားကို တရုတ်အာကာသနည်းပညာအကယ်ဒမီက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ် ပင်မကိုယ်ထည် အငယ်စားနှင့်အတူ လွှတ်တင်ခဲ့သော ရှိကျိယန်-၁၉ ဂြိုဟ်တုကိုလည်း တရုတ်အမျိုးသားအာကာသနည်းပညာ အကယ်ဒမီက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကြယ်စုကြီးနှစ်ခုဝင်တိုက်မှုဖြစ်စဉ်တစ်ရပ်ကို ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိ

လန်ဒန် နိုဝင်ဘာ ၂၅

ကြယ်စုကြီးနှစ်ခု ဝင်တိုက်မှုဖြစ်စဉ်တစ်ရပ်ကို ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ထောက်လှမ်း တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါကြယ်စုကြီးနှစ်ခု ဝင်တိုက်မှုဖြစ်စဉ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် သန်း ၂၉၀ ခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံတကာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဖြစ်စဉ်အတွင်း NGC 7318b အမည်ရှိ ကြယ်စုသည် အခြားကြယ်စုတစ်ခုကို တစ်နာရီလျှင် မိုင်နှစ်သန်း အမြန်နှုန်းဖြင့် ဝင်တိုးခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အထက်ပါကြယ်စုနှစ်ခု ဝင်တိုက်မှုဖြစ်စဉ်ကို စပိန်နိုင်ငံ အခြေစိုက် WEAVE အမည်ရှိ ရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ ထောက်လှမ်းတွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ကြယ်စုနှစ်ခု ပြင်းထန်စွာ ဝင်တိုးမှုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၈၅ သန်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုသို့ ဝင်တိုးမှုဖြစ်စဉ်ပေါင်း နှစ်ပေါင်း ၁၀၀၀၀ ထိ ကြာမြင့်ခဲ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဖြစ်စဉ်သည် NGC 7318b ကြယ်စုအပါအဝင် ကြယ်စုငါးခု အနီးကပ်တည်ရှိရာ အာကာသနယ်မြေ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## သွေးလေးဖက်နာရောဂါဖြစ်ပွားမှုက ခံတွင်းရှိ ဗက်တီးရီးယားတစ်မျိုးနှင့်ဆက်စပ်နေ

လန်ဒန် နိုဝင်ဘာ ၂၅

သွေးလေးဖက်နာရောဂါ (Rheumatoid Arthritis) ဖြစ်ပွားမှုသည် အာခံတွင်း၌ရှိတတ်သည့် ဗက်တီးရီးယားတစ်မျိုးနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ လိဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးလေးဖက်နာရောဂါလူနာများတွင် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားတစ်မျိုး အာခံတွင်း၌ စုစည်းမှုအဆင့် မြင့်တက်နေတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် သွေးလေးဖက်နာရောဂါ ဖြစ်နိုင်ခြေမြင့်မားသူများကို အချိန်ယူ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လေ့လာမှုကာလအတွင်း သွေးလေးဖက်နာရောဂါလူနာများ၏ အာခံတွင်း၌ Prevotella ခေါ် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားတစ်မျိုးစုစည်းမှု ပုံမှန်ထက်မြင့်တက်နေသည်ကို တွေ့ရကြောင်း သိရသည်။

သွေးလေးဖက်နာရောဂါဖြစ်စဉ် အများအပြားသည် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများ သွေးလည်ပတ်မှုစနစ်အတွင်း ဝင်ရောက်မှုကြောင့် ခုခံအားစနစ် ထိခိုက်ပျက်စီးချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

အာခံတွင်း၌ Prevotella ဗက်တီးရီးယား စုစည်းမှုအဆင့်ကို လျှော့ချနိုင်ပါက သွေးလေးဖက်နာရောဂါ ဖြစ်ပွားနိုင်ခြေကိုလည်း လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အရွယ်ရောက်အမျိုးသမီးများတွင် အဖြစ်များသည့်ရောဂါပုံစံနှစ်မျိုးကြောင့် ပြင်းထန်သောရောဂါများခံစားရနိုင်ခြေမြင့်မားနိုင်

ပေကျင်း နိုဝင်ဘာ ၂၅

အရွယ်ရောက်အမျိုးသမီးများတွင် အဖြစ်များသည့် ရောဂါပုံစံနှစ်မျိုးကြောင့် ဆိုးရွားပြင်းထန်သော ရောဂါများခံစားရနိုင်ခြေမြင့်မားလာနိုင်ကြောင်း နိုဝင်ဘာ ၂၄ ရက်သတင်းများအရသိရသည်။

သားအိမ်အလုံးတည်မှု (Uterine Fibroids) နှင့်သားအိမ်ဆဲလ်များနေရာလွဲမှု (Endometriosis) တို့သည် အရွယ်ရောက်အမျိုးသမီးများကြား ဖြစ်ပွားတတ်သည့်အမျိုးသမီး ကျန်းမာရေးပြဿနာပုံစံနှစ်မျိုးဖြစ်သည်။


သို့ရာတွင် အထက်ပါကျန်းမာရေးပြဿနာနှစ်မျိုးကြောင့် အမျိုးသမီးများတွင် သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါ အပါအဝင် ရောဂါဆိုးများခံစားရနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်း သုတေသနပညာရှင်များသည် အမျိုးသမီး ၁၁၁၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို အသေးစိတ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Endometriosis နှင့် Uterine Fibroids ရောဂါနှစ်မျိုးလုံးသည် အမျိုးသမီးများ၌ ပြင်းထန်သော ရောဂါများ ဝင်လာနိုင်ခြေ မြင့်မားမှုနှင့်ဆက်စပ်နေသည်ကိုတွေ့ရကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် မန်ယူအသင်း အမြန်ဆုံးသွင်းဂိုး ရရှိ



**လန်ဒန် နိုဝင်ဘာ ၂၅**

အစ်ဗ့်စ်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်က မန်ယူအသင်းအတွက် ပွဲကစားချိန် ၈၁ စက္ကန့်တွင် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် အမြန်ဆုံးသွင်းဂိုးရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ၁၉ ပွဲတွင် သွင်းဂိုး ၃၃ ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ယခုပွဲစဉ်မှသာ ပွဲကစားချိန် ၈၁ စက္ကန့်အတွင်း ဂိုးရရှိခဲ့သောကြောင့် အမြန်ဆုံးသွင်းဂိုးဖြစ်လာခဲ့ပြီး အဆိုပါသွင်းဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည်လည်း ကစားသမားဘဝတွင် ၂၀၁၆ ခုနှစ်နောက်ပိုင်းမှသာ ပွဲကစားချိန် နှစ်မိနစ်အတွင်း ပထမဆုံး ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းနှင့် ကစားခဲ့သည့် သက်တမ်းတစ်လျှောက် နည်းပြဆိုးရှားလက်ထက်တွင်သာ ပွဲချိန် သုံးမိနစ်အတွင်း ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုသွင်းဂိုးသည် ၎င်း၏ ကစားသမားဘဝအတွက် အမြန်ဆုံး သွင်းဂိုးဖြစ်ခဲ့ကြောင်း သိရသည်။

အစ်ဗ့်စ်အသင်းနှင့် ပွဲစဉ်သည် နည်းပြသစ် အာမိုရင်အတွက် ပွဲဦးထွက် ပွဲစဉ်ဖြစ်ခဲ့သဖြင့် ၎င်းသည် ပုံမှန်အသုံးပြုနေသည့် နောက်တန်း သုံးယောက်ကစားသည့်နည်းစနစ်ကို အသုံးပြုခဲ့ခြင်းမရှိဘဲ ၄-၂-၃-၁ ကစားကွက်နှင့်သာ ပွဲထွက်လာခဲ့ရာ ပွဲကစားချိန် ၈၁ စက္ကန့်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲကိုထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း အစ်ဗ့်စ်အသင်း၏ ကစားအားမြင့်တင်လာမှုကြောင့် အခက်တွေ့ခဲ့ရပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။

သို့သော် ပထမပိုင်းပွဲကစားချိန် ၄၃ မိနစ်အရောက်တွင် အစ်ဗ့်စ်အသင်းမှ ကွင်းလယ်တိုက်စစ် ဟက်ချင်ဆန်က အဝေးကန်ချက်ဖြင့် ချေပဂိုးသွင်းယူနိုင်ခဲ့ကာ သရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် မန်ယူအသင်းက လူစားလဲမှုများပြုလုပ်၍ ဦးဆောင်ဂိုးရရှိရန် ဖိအားပေးခဲ့သော်လည်း အစ်ဗ့်စ်အသင်း ကစားအားကျဆင်းသွားခြင်းမရှိဘဲ အပြန်အလှန် ခြိမ်းခြောက်မှုများကြောင့် ချေပဂိုးခွင့်မပြုရရေး ကြိုးပမ်းနေရသဖြင့် တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိတော့ဘဲ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# နည်းပြစတိဗ်ကူးပါးကို ရာထူးမှထုတ်ပယ်ကြောင်း လက်စတာအသင်း အတည်ပြုကြေညာ

**လန်ဒန် နိုဝင်ဘာ ၂၅**

လက်စတာအသင်းသည် ပရီးမီးယားလိဂ် အမှတ်ပေးပွဲစဉ်(၁၂)၌ ချဲလ်ဆီးအသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြစတိဗ်ကူးပါးကို အသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ကြေညာခဲ့သည်။

လက်စတာအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရမှတ် ၉၇ မှတ်ရရှိခဲ့ပြီး ချန်ပီယံဆုရယူ၍ ပရီးမီးယားလိဂ်သို့ တန်းတက်လာခဲ့သော်လည်း ပြီးခဲ့သည့် ဇူလိုင်လက နည်းပြမာရက်စ်ကာ၏နေရာတွင် နည်းပြစတိဗ်ကူးပါးကို ခန့်အပ်ခဲ့ရာ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် ရမှတ် ၁၀ မှတ်သာ ရရှိခဲ့သောကြောင့် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၁၆)သို့ ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်မှ အစ်ဗ့်စ်အသင်းနဲ့ ရမှတ်တစ်မှတ်သာကွာဟနေသဖြင့် တန်းဆင်းဇုန်အန္တရာယ်ရှိနေချိန်တွင် နည်းပြစတိဗ်ကူးပါးကို ရာထူးမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

လက်စတာအသင်း တာဝန်ရှိသူများက "အသင်းအနေနဲ့ နည်းပြစတိဗ်ကူးပါးနဲ့ လမ်းခွဲလိုက်ပါပြီ။ သူ့ရဲ့ လက်ထောက်နည်းပြဖြစ်တဲ့ အလန်းတာတီ၊ စတိဗ်ရန်းတို့ကိုလဲ ရာထူးမှ ထုတ်ပယ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းနဲ့ ပူးပေါင်းတဲ့ကာလတစ်လျှောက်မှာ စတိဗ်ကူးပါးရဲ့ ကြိုးပမ်းမှုတွေအတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

လက်စတာအသင်း အနေဖြင့် လက်ရှိတွင် နည်းပြသစ်ခန့်အပ်နိုင်ရန်ကြိုးပမ်းနေကာ နည်းပြသစ် မခန့်နိုင်ခင်ကာလအတွင်း အသင်းလေ့ကျင့်ရေးအစီအစဉ်ကို ပထမအသင်းနည်းပြ ဘန်ဒေါ်ဆန်က တာဝန်ယူသွားမည်ဖြစ်ပြီး ၎င်းကို ဒန်နီအလေ့ဒ်နှင့် အန်ဒီဟုဂက်စ်တို့က ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် လက်စတာအသင်းသည် နည်းပြသစ်ခန့်အပ်နိုင်ရန်အတွက် ဒေးဗစ်မိုယက်စ်၊ နစ္စတယ်ရိုင်းနှင့် ဂရာဟမ်ပေါ်တာတို့ကိုခန့်အပ်နိုင်ရန် ရွေးချယ်ထားပြီး ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

Ref : The Sporting News
Trs : ML





## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူရန်ကြိုးပမ်းနေသည့် တိုက်စစ်မှူး အစ်ဆက်ခ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၅ သန်းထိရလိုကြောင်း နယူးကာဆယ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက တိုက်စစ်မှူး ဇက်ခ်ဇီးကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် စီစဉ်ခဲ့သောကြောင့် အေဗီလာအသင်းက ခေါ်ယူနိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ကိုမိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည့် ဖီအိုရင်တီးနားအသင်းအနေဖြင့် ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲဆက်အနိုင်ရခဲ့သည့် မှတ်တမ်းကောင်းကို ပြန်လည်ရရှိခဲ့သည်။

ML

# ဘာရက်စ်နှင့်ပွဲစဉ်တွင် ခံစစ်ကစားသမား ဘာလိတ်နှင့် တိုက်စစ်မှူးယာမယ်တို့ ပါဝင်နိုင်မည်မဟုတ်ဟု နည်းပြဖလစ်ပြောကြား

**ဘာစီလိုနာ နိုဝင်ဘာ ၂၅**

ဘာစီလိုနာ အသင်းသည် ဗုဒ္ဓဟူးနေ့တွင် ကစားရမည့် ဘာရက်စ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်အတွက် လေ့ကျင့်ရေးအစီအစဉ်ပြုလုပ်ခဲ့ရာ ခံစစ်ကစားသမား ဘာလိတ်နှင့် တိုက်စစ်မှူး ယာမယ်တို့ ပါဝင်နိုင်ခြင်းမရှိသောကြောင့် အဆိုပါပွဲစဉ်ကို လွဲချော်မည်ဟု နည်းပြဖလစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဘာလိတ်သည် စနေနေ့က ကစားခဲ့သည့် ဆဲလ်တာဗီဂိုအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့ပြီး အသင်းနှင့် ပွဲချိန်ပြည့် ပါဝင်ကစားခဲ့သော်လည်း ဒဏ်ရာအခြေအနေမှာ အနားယူရမည်ဖြစ်သောကြောင့် နည်းပြဖလစ်က စွန့်စားမှုမလုပ်လိုသဖြင့် လေ့ကျင့်ရေး အစီအစဉ်တွင် ချန်လှပ်ခဲ့ပြီး ဘာရက်စ်အသင်းနှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး ယာမယ်သည်လည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် ဆိုစီဒက်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်နှင့် ဆဲလ်တာဗီဂိုအသင်းနှင့်ပွဲစဉ်တို့ကို လွဲချော်ခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာသက်သာလာသော်လည်း ကြံ့ခိုင်မှုအားနည်းချက်ကြောင့် လာမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အသုံးပြုရန် မသေချာသေးကြောင်း နည်းပြဖလစ်က ဆက်လက်ပြောကြားခဲ့သည်။

နည်းပြဖလစ်သည် ဘာရက်စ်နှင့်ပွဲစဉ်တွင် ဘာလိတ်နေရာ၌ လူငယ်ကစားသမား ဂျာရတ်မာတင်နှင့်အစားထိုးရန် ဆုံးဖြတ်ထားပြီး တိုက်စစ်မှူး ယာမယ်၏နေရာတွင် ရာဖင်ဟာဝင်ရောက် ကစားနေသော်လည်း ယာမယ်၏ ဒဏ်ရာတိုးတက်မှုကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Get Football
Trs : ML

# RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မက်နယ်လေဆွတ်ခူး

**ဂျော်ဂျီယာ နိုဝင်ဘာ ၂၅**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် စိန့်ဆိုင်မွန်ကျွန်းတွင် ကျင်းပခဲ့သည့် RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်နယ်လေက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဘက်ဂါနှင့် ကလေတန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး ကိုလံဘီယာ ဂေါက်သီးရိုက်ကစားသမား နီကိုလက်စ်၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟော့ဂျက်စ်နှင့် ကနေဒါ ဂေါက်သီးရိုက်ကစားသမား မက်ဟုချ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

မက်နယ်လေအတွက် ယခုနှစ်အတွင်း ပထမဆုံးဆွတ်ခူးနိုင်ခဲ့သည့် PGA Tour ဆုဖလားဖြစ်ပြီး ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ သန်းထိ ခံစားခွင့်ရရှိခဲ့သည်။





RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ခြင်းကြောင့် မက်နယ်လေသည် ၂၀၂၅ ခုနှစ်တွင် Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပြီဖြစ်သလို ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီအစပိုင်းတွင် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း၌ ကျင်းပပြုလုပ်သွားမည့် Tournament of Cham-pions ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# Davis Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီအသင်း ကာကွယ်နိုင်ခဲ့




မာလာဂါ နိုဝင်ဘာ ၂၅

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပခဲ့သည့် Davis Cup တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အီတလီအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက (၂-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီအသင်း အနေဖြင့် သမိုင်းတစ်လျှောက် Davis Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ပြီး အီတလီအသင်းအတွက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဂျန်နစ်ခ်ဆင်နာက အဓိကအစွမ်းပြသွားခဲ့သည်။

ယင်းပွဲစဉ်၏ ပွဲစဉ်(၁) တစ်ဦးချင်းပွဲစဉ်အဖြစ် အီတလီအသင်းမှ ဘာရက်တီက နယ်သာလန်အသင်းမှ ဘိုတစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘာရက်တီက (၆-၄၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အီတလီအသင်းက(၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့သည်။

ပွဲစဉ်(၂) အဖြစ် ဒုတိယမြောက် တစ်ဦးချင်းပွဲစဉ်အဖြစ် အီတလီအသင်း၏ အကောင်းဆုံးကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် နယ်သာလန်အသင်း၏ အကောင်းဆုံးကစားသမား ဂရစ်စပူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက(၇-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ အီတလီအသင်းက (၂-၀) ရလဒ်ဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်နိုင်ခဲ့သည့် ဂျန်နစ်ခ်ဆင်နာ အနေဖြင့် တစ်ဦးချင်းအောင်မြင်မှုများအပြင် အီတလီအသင်းဖြင့်ပါ Davis Cup တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားဖြစ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ပွဲ ၇၀ ဆက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ် ပြိုင်ပွဲတွင် တောင်ကြီးမြို့အခြေစိုက် နေရှင်နယ်လိဂ် ထိပ်တန်းကလပ်အသင်းဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲ ၇၀ ဆက် ရှုံးပွဲမရှိစံချိန်တစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက် အသင်းသည် နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ကစားခဲ့သည့် ရှမ်းယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် နေရှင်နယ်လိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ပွဲ ၇၀ ဆက် ရှုံးပွဲမရှိစံချိန်တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၁၆ ပွဲ၊ ၂၀၂၂ ခုနှစ် နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၁၈ ပွဲ၊ ၂၀၂၃ ခုနှစ် နေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၂၂ ပွဲနှင့် ယခုနှစ် ဘောလုံးရာသီ ၁၄ ပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ စုစုပေါင်း ပွဲ ၇၀ ဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA



# ဆာရန်နိုက တတိယမြောက်စိန်ခေါ်ပွဲစဉ်အဖြစ် ကေတီတေလာနှင့် ထိုးသတ်သွားလိုသော်လည်း စည်းမျဉ်းစည်းကမ်းတချို့ ပြင်ဆင်ပေးရမည်ဖြစ်ကြောင်းပြောကြား

တက္ကဆက် နိုဝင်ဘာ ၂၅

အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဖြစ်သူ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာနှင့် ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နိုတို့ ပြီးခဲ့သည့် နိုဝင်ဘာ ၅ ရက်က အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင်ထိုးသတ်ခဲ့ရာ ကေတီတေလာက ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ပြီး ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

၂၀၂၂ ခုနှစ် ဧပြီလတွင်လည်း ပထမအကြိမ် တွေ့ဆုံမှုအဖြစ် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်တွင် ထိုးသတ်ခဲ့စဉ်ကလည်း ကေတီတေလာကပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းတို့အကြား တတိယမြောက်စိန်ခေါ်ပွဲ ဖြစ်လာနိုင်သော်လည်း ဆာရန်နိုက စည်းမျဉ်းတချို့အား ပြင်ဆင်ပေးမှသာ ထိုးသတ်သွားမည် ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

အမျိုးသမီး လက်ဝှေ့ပွဲစဉ်များတွင် သုံးမိနစ် ဆယ်ချီသာ စည်းမျဉ်းသတ်မှတ်ထားခြင်းဖြစ်ပြီး ဆာရန်နိုက အမျိုးသားလက်ဝှေ့ပွဲစဉ်များအတိုင်း သုံးမိနစ် တစ်ဆယ့်နှစ်ချီ ထိုးသတ်သွားရန် ဆန္ဒရှိနေသည်။

ယင်းစည်းမျဉ်း ပြောင်းလဲပေးကာ ကေတီတေလာနှင့် တတိယမြောက်စိန်ခေါ်ပွဲ ထိုးသတ်သွားမည်ဖြစ်ပြီး အမျိုးသမီးများသည်လည်း အမျိုးသားများတန်းတူ စွမ်းဆောင်နိုင်စွမ်း ရှိသည်ကို သက်သေပြချင်ကြောင်း ဆာရန်နိုက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : AZL

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions အသင်း နိုင်ပွဲရရှိခဲ့ပြီး ကျန်ပွဲစဉ်နှစ်ပွဲ သရေရလဒ်ထွက်ပေါ်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၅) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ Junior Lions အသင်း နိုင်ပွဲရရှိခဲ့ပြီး ကျန်ပွဲစဉ်များ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၅) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ စလင်းအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် အောင်မင်းခန့်၊ ပွဲချိန် ၆၃ မိနစ်တွင် ဇော်လင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် သော်ဇင်နိုင်နှင့် ပွဲချိန် မိနစ် ၄၀ တွင် ထက်မြတ်မောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက ရန်ကုန်မြို့ရှိတောင်ဒဂုံအားကစားကွင်းတွင် မဟာယူနိုက်တက် အသင်းနှင့် Junior Lions အသင်းတို့ကစားခဲ့ရာ Junior Lions အသင်းက ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခုနစ်မိနစ်တွင် သော်ဇင်ကို၊ ပွဲချိန် ၁၂ မိနစ်၊ ၁၉ မိနစ်၊ ၈၂ မိနစ်နှင့် ၈၆ မိနစ်တို့တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၅၉ မိနစ်တွင် စွမ်းဇာနည်တို့က သွင်းယူပေးနိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန်နှစ်မိနစ်တွင် သန့်ဇော်ဟိန်းက သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ဝင်းလွင်ဦးက သွင်းယူပေးနိုင်ခဲ့ကာ ISPE အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် မင်းကိုခန့်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Me & Gems Badminton Junior Championships 2024 ကြက်တောင်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၅ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်

ရန်ကုန် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Me&Gems Badminton Junior Championships 2024 ကြက်တောင်ရိုက်ပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၂၂ ရက်မှ ၂၅ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှစတင်ပြီး ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




Me&Gems Badminton Junior Championships 2024 ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အသက်ကိုးနှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၁ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၃ နှစ်အောက် အမျိုးသား၊အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အသက် ၁၇ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် စုစုပေါင်း ဆုကြေးငွေအဖြစ် ငွေကျပ် ၉၆၇၀၀၀၀ အသုံးပြုသွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် မွေးစာရင်းမူရင်း တင်ပြရမည်ဖြစ်သည်။

Me&Gems Badminton Junior Championships 2024 ကြက်တောင်ရိုက်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အနေဖြင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ရုံး ဖုန်း ၀၉-၈၉၉၉၆၆၇၅၅၀ ထံ ရုံးချိန်အတွင်း ဖုန်းဖြင့်ဆက်သွယ်၍သော်လည်းကောင်း မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ရုံးတွင် ရုံးချိန်အတွင်းသော်လည်းကောင်း ပြိုင်ပွဲဝင်ကြေးနှင့်အတူ ဒီဇင်ဘာ ၁၇ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

STA

# ထိုင်းနိုင်ငံတောင်ပိုင်းဒေသငြိမ်းချမ်းရေးဆွေးနွေးပွဲအလားအလာ

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၀၄ခုနှစ်တွင် ထိုင်းနိုင်ငံတောင်ပိုင်း၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ ထိုင်းအာဏာပိုင်များနှင့် စစ်သွေးကြွများကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ထိုစဉ်က ဆူပူအကြမ်းဖက်မှုများကိုအကြောင်းပြု၍ ဖြစ်ပွားခဲ့သည့် မတော်တဆမှုဖြစ်စဉ်များကြောင့် ထိုင်းတောင်ပိုင်းဒေသများရှိ လူမှုအသိုက်အဝန်းများကြားတွင် မကျေနပ်မှုများ ကြီးထွားလာခဲ့သည်။

ယခုနှစ် ဇန်နဝါရီလတွင် နရာသီဝပ်ပြည်နယ်ရှိ စစ်အခြေစိုက်စခန်းတစ်ခုကို သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်စဉ် စစ်သားလေးဦး သေဆုံးခဲ့သည်။ ထို့နောက် ထိုနှစ် ဧပြီလတွင် ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည့် စစ်သွေးကြွ ၃၂ ဦးသည် နာရီအနည်းငယ်အကြာ Kruse Se ဘုရားကျောင်း၌ အာဏာပိုင်များ၏ ချေမှုန်းသုတ်သင်မှုခံခဲ့ရသည်။ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများနှင့် တင်းမာမှုများကြောင့် ယခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် တတ်ဘိုင်(TakBai)၌ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကြီးဖြစ်ပွားခဲ့သည်။ တတ်ဘိုင်ခရိုင်ရဲစခန်းအပြင်ဘက်တွင် ဆန္ဒထုတ်ဖော်နေသော မွတ်ဆလင် ခုနစ်ဦးပစ်သတ်ခံရပြီး ထိန်းသိမ်းခံရသူ ၇၈ ဦးမှာလည်း ပတ္တနီရှိ စစ်ဘက်ထိန်းသိမ်းရေးစခန်းသို့ ပို့ဆောင်စဉ် ကားပေါ်၌ အသက်ရှူကျပ်သေဆုံးခဲ့မှုဖြစ်ပွားခဲ့ရာ သတင်းမီဒီယာများက ထိုင်းတောင်ပိုင်းဒေသတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအနက် အကြီးမားဆုံးဖြစ်စဉ်အဖြစ် တင်စားပြောဆိုရေးသားခဲ့ကြသည်။

ထိုသို့ ဖြစ်ပွားခဲ့ပြီး အနှစ် ၂၀ ကြာပြီးနောက် ထိုင်းတောင်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးဆိုင်ရာ တိုးတက်မှုအရိပ်အယောင်များ မြင်လာခဲ့ရသည်။ အစိုးရနှင့် ထိုင်းတောင်ပိုင်းဒေသရှိ အဓိကခွဲထွက်အုပ်စုဖြစ်သည့် မလေး-မွတ်ဆလင်အုပ်စုဖြစ်သော BarisanRevoulsiNasional (BRN) တို့ကြားတွင် ၂၀၁၃ ခုနှစ်အတွင်း ဆွေးနွေးပွဲများ စတင်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီလတွင် နောက်ဆုံးပြုလုပ်ခဲ့ပြီး နှစ်ဖက်စလုံးမှ ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲဘက်စုံစီမံကိန်းနှင့်စပ်လျဉ်း၍ မူအားဖြင့် သဘောတူညီချက်ရရှိခဲ့ကြသည်။

ထိုသို့အပြုသဘောဆောင်သော အရိပ်အယောင်များရှိနေသော်လည်း ဒေသတွင်း သောင်းကျန်းသူများ၏ ဆူပူအကြမ်းဖက်မှုသည် လုံခြုံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဆက်လက်မြင့်တက်စေလျက်ရှိသည်။ ယခုနှစ် ဇွန် ၃၀ ရက်တွင် ယာလာပြည်နယ်ရှိ ရဲစခန်းအပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ဇူလိုင်လအတွင်း ထိုင်းတောင်ပိုင်း ပြည်နယ် လေးခု၌ သေကျေထိခိုက်မှု ၁၁ ခု ဖြစ်ပွားခဲ့ကြောင်း တောင်ပိုင်းဒေသစောင့်ကြည့်ရေးအဖွဲ့က အစီရင်ခံခဲ့ပြီး ဩဂုတ်လအတွင်း၌လည်း ပတ္တနီပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ခုနစ်ဦး သေဆုံးခဲ့သည်ဟု Wartani သတင်းမီဒီယာက ဖော်ပြခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသော်လည်း သောင်းကျန်းသူများနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များကြား နိုင်ငံရေးဆိုင်ရာ မဆုတ်သာမတိုးသာသော အခြေအနေသည် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်နိုင်ရန် အတားအဆီးဖြစ်စေလျက်ရှိကြောင်း အွန်လိုင်းစောင့်ကြည့်ရေးအဖွဲ့က ဖော်ပြထားသည်။ ပြန်လည်ပေါင်းစည်းမှုလမ်းပြမြေပုံချမှတ်နိုင်ရေးအတွက် နှစ်ဖက်စလုံးတွင် ထိရောက်တိကျသည့် မူဝါဒများ ချမှတ်သွားရန် လိုအပ်လျက်ရှိသည်။

**ထိုင်းတောင်ပိုင်းစွန်းဒေသများတွင်ဖရိုဖရဲဖြစ်မှုများ**

ဆိုရလျှင် BRN ၏ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အုပ်စုများကြား သွေးစည်းညီညွတ်မှု ပျက်ပြားနေခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။ တချို့သော သောင်းကျန်းသူများသည် အချုပ်အခြာအာဏာရရှိရေးကို ဆွဲကိုင်ထားရှိပြီး လွတ်လပ်သောပတ္တနီနိုင်ငံ ထူထောင်သွားရန် လိုလားလျက်ရှိသည်။ ဆိုလိုသည်မှာ မွတ်ဆလင်အများစု နေထိုင်လျက်ရှိသော




တောင်ပိုင်းစွန်းပြည်နယ်များဖြစ်သည့် ပတ္တနီ၊ ယာလာ၊ နရာသီဝပ်နှင့် ဆောင်ခလာတို့ကို စုစည်းကာ သမိုင်းဝင် ပတ္တနီဆူလ်တန်နိုင်ငံ ထူထောင်သွားရန်ပင်ဖြစ်သည်။ သို့သော် အခြားသောင်းကျန်းသူများကမူ အထူးအုပ်ချုပ်ရေးဇုန်ကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရန်မြေသတ်မှတ်ပေးရန် တောင်းဆိုလျက်ရှိသည်။ ထို့ကြောင့် ထိုင်းတောင်ပိုင်းစွန်းဒေသတွင် BRN ၏ မျှော်မှန်းချက်ကွဲပြားနေမှုသည် ပြိုင်ဆိုင်မှုပြင်းထန်နေသော အုပ်စုများကြား မတိုးသာ မဆုတ်သာအခြေအနေ ဆိုက်ရောက်စေလျက်ရှိသည်။

၂၀၂၂ ခုနှစ် မတ်လတွင် ပြုလုပ်သည့်ဆွေးနွေးပွဲများအတွင်း ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးအဖြေများရှာဖွေရန် BRN နိုင်ငံရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့၏ သဘောတူညီချက်ရရှိပြီးနောက် BRN စစ်သွေးကြွအုပ်စုများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ထိုင်းနယ်ချဲ့ကျူးကျော်သူများ၏ လက်ချက်ကြောင့် ပြိုကွဲသွားပြီဖြစ်ကြောင်း ရှုမြင်ကာ လက်တုံ့ပြန်တိုက်ခိုက်မှုများ အရှိန်မြှင့်တင်လုပ်ဆောင်လာခဲ့သည်။

ထိုအချိန်မှစ၍ အမျိုးသားရေးအစွန်းရောက် BRN များသည် အယ်ကေဒါနှင့် IS အဖွဲ့များ၏ဝါဒဖြန့်မှုအတိုင်း ကမ္ဘာလုံးဆိုင်ရာ ဂျီဟတ်လှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်လာခဲ့သည်။ အထူးသဖြင့် BRN ၏ စစ်ရေးအုပ်စုတချို့သည် အနာဂတ်ပတ္တနီနိုင်ငံထူထောင်ရေးအတွက် လူမှုကွန်ရက်ကို အသုံးချကာ ဘာသာရေးဆိုင်ရာ အစွန်းရောက်ဝါဒ သွတ်သွင်းလာခဲ့သည်။ သောင်းကျန်းသူများသည် ပတ္တနီဆူလ်တန်နိုင်ငံပြိုကွဲပြီးနောက်ပိုင်းကတည်းက မလေး-မွတ်ဆလင်တို့အပေါ် မတရားဖိနှိပ်ခဲ့သည်ဟု ယူဆထားသည့် ထိုင်းတာဝန်ရှိသူများကို လက်နက်ကိုင်ဂျီဟတ်စစ်ပွဲဆင်နွှဲရန် တောင်းဆိုခဲ့သည်။ ဆိုရလျှင် အဆိုပါဒေသတွင်း၌ ထိုင်းအာဏာပိုင်များက အင်အားအလွန်အကျွံအသုံးပြုခဲ့သည့် သမိုင်းကြောင်းဆိုင်ရာဖြစ်စဉ်များကြောင့် သောင်းကျန်းသူများက ရန်ငြိုးဖွဲ့လက်တုံ့ပြန်နေခြင်းဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုများတွင် သေဆုံးခဲ့သည့် သောင်းကျန်းသူများကို အာဇာနည်များအဖြစ် ကြေညာလေ့ရှိသည်။ ၎င်းတို့သည် အလေးအမြတ်ပြုခံရသည့် သောင်းကျန်းသူများ၏ အွန်လိုင်းဗီဒီယိုများ၊ အသုဘအခမ်းအနားများကို တိုက်ရိုက်လွှင့်ခြင်းအားဖြင့် နာမည်ကျော်လာလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ပတ္တနီလွတ်မြောက်ရေးအတွက် အသက်စွန့်လွှတ်ခဲ့သည့် အကြမ်းဖက်သမားများအပေါ် လေးစားတန်ဖိုးထားမှုဖြစ်ပေါ်စေသလို လူမှုအသိုက်အဝန်းကိုလည်း တိုက်ခိုက်မှုတွင်ပါဝင်ရန် စိတ်ဓာတ်နှိုးဆွပေးလျက်ရှိသည်။ ယခုနှစ်ဩဂုတ်တစ်လတည်း၌ပင်လျှင် အကြမ်းဖက်သမား ၁၀ ဦး သေဆုံးခဲ့သည့် အထိမ်းအမှတ်ရုပ်သံဖိုင်ကို အွန်လိုင်း၌ လွှတ်တင်ခဲ့ကြောင်း အွန်လိုင်းစောင့်ကြည့်လေ့လာသူများက ဖော်ပြခဲ့သည်။

စစ်သွေးကြွများက ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ပြည်သူများအနေဖြင့်လည်း စစ်ပွဲဆင်နွှဲရန် တာဝန်ရှိကြောင်း ကြေညာကာ လက်နက်ကိုင်တိုက်ခိုက်ရန် ဒေသခံအသိုက်အဝန်းများကို ဝါဒဖြန့်စည်းရုံးမှုများလုပ်ဆောင်လျက်ရှိသည်။ အဆိုပါ ဝါဒဖြန့်ရုပ်သံဗီဒီယိုဖိုင်များသည် ကြည့်ရှုသူများထံမှ တုံ့ပြန်မှုများစွာရရှိခဲ့သည်။ ထို့ပြင် ထိုင်းအာဏာပိုင်များကို တော်လှန်တိုက်ခိုက်ရန် နှိုးဆော်ရေးသားထားသည့် ဒေသခံတော်လှန်ရေးသမားများ၏ သီချင်းများသည် YouTube တွင် ကြည့်ရှုသူ သန်းပေါင်းများစွာရှိခဲ့သည်။

**ဩဇာအာဏာရှိသော ထိုင်းရှေးရိုးဝါဒီများကြား အာဏာလွန်ဆွဲပွဲများ**

ဩဇာအာဏာရှိသော ထိုင်းရှေးရိုးဝါဒီများကြား နိုင်ငံရေးဆိုင်ရာ အခြေအနေသည်လည်း ထိုင်းနိုင်ငံတောင်ပိုင်းတွင် အလားအလာရှိသည့် ငြိမ်းချမ်းမှုရရှိရေးအတွက် ပိတ်ဆို့ဟန့်တားမှု ဖြစ်လျက်ရှိသည်။ ဝန်ကြီးချုပ်ရာထူးနှင့် စပ်လျဉ်း၍ အာဏာရရှိရေးကြိုးပမ်းမှုများနှင့် ဒေသတွင်း၌ စစ်ဘက်၏ ဝန်ထုပ်ဝန်ပိုးဖြစ်စေသော တာဝန်ထမ်းဆောင်မှုများသည် စိုးရိမ်ပူပန်မှုများ ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။

ခေါင်းဆောင်အပြောင်းအလဲ ရုတ်တရက်ဖြစ်ပေါ်မှုများကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့ရပြီး ငြိမ်းချမ်းရေးဆိုင်ရာ ပူးတွဲဘက်စုံစီမံကိန်းကိုလည်း အတည်ပြုရန် နှောင့်နှေးကြန့်ကြာရလျက်ရှိသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSOs) ကိုးဖွဲ့သည် ထိုင်းတောင်ပိုင်းဒေသတွင်ဖြစ်ပွားနေသော ပဋိပက္ခအတွက် အဖြေရရှိမည့် မူဝါဒ မဟာဗျူဟာဖြင့် ဖြေရှင်းသွားရန် လက်ရှိအစိုးရအဖွဲ့အသစ်ကို တောင်းဆိုထားရှိပြီးဖြစ်သည်။

**ငြိမ်းချမ်းရေးအတွက် လမ်းစဖွင့်ပေးခြင်း**

ဆိုရလျှင် လက်ရှိအချိန်တွင် သောင်းကျန်းသူများ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာသည့်အပြင် အဖွဲ့ငယ်များကွဲလာသောကြောင့် သောင်းကျန်းသူအဖွဲ့များကြား အပြန်အလှန်ချိတ်ဆက်ပေါင်းစည်းရေးသည် စိန်ခေါ်မှုဖြစ်လာလျက်ရှိသည်။ BRN ၏ နိုင်ငံရေးဆိုင်ရာ လက်နက်ကိုင်အဖွဲ့သည် အဖွဲ့အတွင်း ဘုံသဘောတူညီချက်ရရှိရေးအတွက် မည်သို့မည်ပုံ ကြိုးပမ်းသွားရမည်ကို စဉ်းစားသုံးသပ်သွားရန် လိုအပ်နေပြီဖြစ်သည်။ စည်းလုံးညီညွတ်မှုသည် အကြမ်းဖက်တိုက်ခိုက်မှုများ လျှော့ချသွားနိုင်မည်ဖြစ်ပြီး ဆွေးနွေးမှုများဖြင့် ငြိမ်းချမ်းရေးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အုပ်စုငယ်များပြိုင်ဆိုင်မှုနှင့် ဒေသအဆင့်အုပ်စုဖွဲ့မှု လျှော့ချရန် သောင်းကျန်းသူအုပ်စုငယ်များမှ ခေါင်းဆောင်များနှင့် ဆွေးနွေးရန်သည် BRN အပေါ်တွင် မူတည်လျက်ရှိသည်။

ထိုင်းနိုင်ငံ၏ လက်ရှိအစိုးရအနေဖြင့် ထိုင်းတောင်ပိုင်းအရေးနှင့် စပ်လျဉ်း၍ လွှတ်တော်လုပ်ငန်းဆပ်ကော်မတီများမှ အဆိုပြုထောက်ခံတင်ပြမှုများကို သမိုင်းကြောင်းနှင့်အညီ စဉ်းစားသုံးသပ်ပြီး ယုံကြည်မှုတည်ဆောက်မည့်အစီအမံများ လုပ်ဆောင်သွားရန် လိုအပ်သည်။အစိုးရအနေဖြင့် CSOs အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းခြင်းကဲ့သို့သော လုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် ထိုင်းနိုင်ငံ တောင်ပိုင်းဒေသရှိ တာဝန်ရှိသူများကြား ဘုံသဘောတူညီချက် ပိုမိုခိုင်မာအားကောင်းလာအောင် ဦးစားပေးလုပ်ဆောင်သွားသင့်ပြီး ဒေသတွင်း၌ စစ်ဘက်၏ အလွန်အကျွံပါဝင်ဆောင်ရွက်မှုအပေါ် ဒေသအသိုက်အဝန်းမှ ခံစားနေရသည့် မကျေနပ်ချက်များကိုလည်း ဖြေလျှော့သွားရန် လိုအပ်ပေသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ဆက်လက်ဖော်ဆောင်နိုင်မည့် အနာဂတ်အစီအမံနှင့် အချိန် ဇယားကိုလည်း သတ်မှတ်သွားသင့်ပေသည်။

တတ်ဘိုင်တွင် ဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့် စပ်လျဉ်း၍ တရားစီရင်ရေးကိစ္စကို ဩဂုတ်လတွင် လက်ခံခဲ့ခြင်းသည် ဒေသတွင်း၌ ဩဇာအာဏာရှိသော ထိုင်းရှေးရိုးဝါဒီများအပေါ် ရန်လိုနေမှုများ လျှော့ချရန် ပေတုန်တန်အစိုးရအဖွဲ့ကို အခွင့်အလမ်းကမ်းလှမ်းပေးလျက်ရှိသည်။ နရာသီဝပ်တရားရုံးသည် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုကို အတည်ပြုပြီးနောက် အဆင့်မြင့်အရာရှိဟောင်းခုနစ်ဦးသည် လူသတ်မှုနှင့် တရားမဝင်ဖမ်းဆီးထိန်းသိမ်းမှုတို့အတွက် ပြစ်မှုရှိကြောင်း ခိုင်မာသောအထောက်အထားများ တွေ့ရှိခဲ့သည်။ သို့သော် တရားခံများသည် သတ်မှတ်ရက်မတိုင်မီ ပူးပေါင်းဆောင်ရွက်ရန် လျစ်လျူရှုခဲ့သည်။ ထိုသို့ဖြစ်ပေါ်လာခြင်းသည် မှန်ကန်စွာ တရားစီရင်မှုလုပ်ငန်းစဉ်ပျက်ကွက်စေပြီး အနာဂတ်ငြိမ်းချမ်းရေး ကြိုးပမ်းမှုများကိုလည်း အဟန့်အတားများဖြစ်ပေါ်စေမည်ဖြစ်သည်။

ဆိုရလျှင် ထိုင်းနိုင်ငံ တောင်ပိုင်းဒေသ ငြိမ်းချမ်းမှုနှင့် ပြန်လည်ပေါင်းစည်းရေးသည် နှစ်ဖက်စလုံးအနေဖြင့် နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းစက်ဝန်းမှ ထွက်ပေါက်ရှာနိုင်မှုအပေါ် လုံးလုံးလျားလျား တည်မှီလျက်ရှိသည်။ အထူးသဖြင့် တရားမျှတမှုထိန်းသိမ်းနိုင်ရေးအတွက် ဘုံသဘောတူညီချက် တည်ဆောက်ပြီး ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ မူဝါဒများကို မဟာဗျူဟာမြောက်ရေးဆွဲသွားမှသာလျှင် သောင်းကျန်းသူများနှင့် နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် အတားအဆီးများကို ပိုမိုကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

-Locked in Unrest: Southern Thailand's Insurgency 20 Years on by The Diplomat.

# မေမေ့အချစ်ဦး အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးနေ




ရန်ကုန် နိုဝင်ဘာ ၂၅

စိန်ငွေး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် မေမေ့အချစ်ဦးအမည်ရှိရုပ်ရှင်ဇာတ်ကားကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါ မေမေ့အချစ်ဦး အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေမီကိုကိုက ပြောပြ၍ သိရသည်။

မေမေ့အချစ်ဦးအမည်ရှိရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကိုဆက်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဆက်က တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက အချစ်ဒရာမာသန့်သန့်လေးပါ။ ထူးခြားတဲ့ ဒရာမာဇာတ်လမ်းလေးတစ်ပုဒ်ပါ။ ဝတ္ထုရေးတဲ့သူကလဲ တကယ်ဖြစ်ရပ်မှန်လို့ ပြောထားတဲ့အတွက် အချစ်ဒရာမာ ကြိုက်သူတွေအတွက် ကျေနပ်မဲ့ဇာတ်ကားဖြစ်လာမှာပါ။ ပိုပြီး ထူးခြားတာကာ အလှမယ်သဲစုညိမ်းကိုလဲ အဓိကသရုပ်ဆောင်အနေနဲ့ မြင်ရမှာပါ" ဟု သရုပ်ဆောင် မေမီကိုကိုက ပြောပြသည်။

အဆိုပါ မေမေ့အချစ်ဦး အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ဟင်နရီ၊ မေမီကိုကို၊ သဲစုညိမ်းနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါရုပ်ရှင်ဇာတ်ကားကို ၂၀၂၅ ခုနှစ်တွင် ရုံတင်ပြသနိုင်ရန် စတင်ရိုက်ကူးနေကြောင်း သရုပ်ဆောင် မေမီကိုကိုက ပြောပြ၍ သိရသည်။

ASH

# Scream 7 ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး အစ္စဘဲလ်မေ ပါဝင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၂၅

Spyglass Entertainment ရုပ်ရှင်ကုမ္ပဏီ၏ Scream 7 ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် Yellow Store မင်းသမီး အစ္စဘဲလ်မေ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အစ္စဘဲလ်မေသည် Scream 7 ဇာတ်ကားသစ်၌ ပါဝင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

သဘောတူညီချက်ရရှိခဲ့ပါက အစ္စဘဲလ်မေသည် Scream 7 ဇာတ်ကား၌ မင်းသမီး နီဗီကင်းဘဲလ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Scream 7 ဇာတ်ကားတွင် မင်းသမီး နီဗီကင်းဘဲလ်နှင့် အစ္စဘဲလ်မေတို့သည် သားအမိအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Scream 7 ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂိုင်ဘူးဆစ်ခ်က ရေးသားပေးထားပြီး ဒါရိုက်တာ ကီဗင်ဝီလျံဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Scream 7 ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# အဆိုတော် ဖိုးကာ ကိုယ်တိုင်ရေးသားသီဆိုခဲ့သော တေးသီချင်းများ သီဆိုဖျော်ဖြေပွဲကို Modern Radio Club တွင် ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

တေးရေး၊ တေးဆို ဖိုးကာက ၎င်းရေးဆိုခဲ့သော တေးသီချင်းများ တေးဂီတဖျော်ဖြေပွဲကို တေးသံရှင် အောင်ထက်၊ ဖြိုးပြည့်စုံ၊ ဇွဲပြည့်၊ နေမင်းအိမ်၊ အိမ့်ချစ်၊ အိုင်ရင်းဇင်မာမြင့်၊ ဂျူဝယ်တို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Modern Radio Club တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးရေး၊ တေးဆို ဖိုးကာက ပြောပြ၍ သိရသည်။

အဆိုပါ တေးရေး၊ တေးဆို ဖိုးကာ ရေးဆိုခဲ့သောတေးသီချင်းများ တေးဂီတဖျော်ဖြေပွဲကို လာမည့် ဒီဇင်ဘာ ၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် အောင်ထက်၊ ဖြိုးပြည့်စုံ၊ ဇွဲပြည့်၊ နေမင်းအိမ်၊ အိမ့်ချစ်၊ အိုင်ရင်းဇင်မာမြင့်၊ ဂျူဝယ် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Lucky Hand Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ကျွန်တော်ကိုယ်တိုင် ရေးသားသီဆိုထားတဲ့ တေးသီချင်းတွေကို ကျွန်တော်နဲ့အတူ အောင်ထက်၊ ဖြိုးပြည့်စုံ၊ ဇွဲပြည့်၊ နေမင်းအိမ်၊ အိမ့်ချစ်၊ အိုင်ရင်းဇင်မာမြင့်၊ ဂျူဝယ်တို့က သီဆိုဖျော်ဖြေပေးကြမှာဖြစ်ပြီးတော့ ကျွန်တော်တို့ရဲ့ သီဆိုမှုတွေကို Lucky Hand Band က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမှာဖြစ်တာမို့ လာရောက်အားပေးကြပါအုံး"ဟု တေးသံရှင်ဖိုးကာက ပြောပြသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို Modern Radio Club တွင် ဒီဇင်ဘာ ၅ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Miss Grand Myanmar 2024 အလှမယ် သဲစုညိမ်းက ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် လူဦးရေ ၄၅၀ ကို အာဟာရဒါနအဖြစ် ထမင်းနှင့်ဟင်းလျာများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၅

Miss Grand Myanmar 2024 အလှမယ် သဲစုညိမ်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် လူဦးရေ ၄၅၀ ကို အာဟာရဒါနအဖြစ် ထမင်းနှင့်ဟင်းလျာများ နိုဝင်ဘာ ၂၄ ရက်က လှူဒါန်းခဲ့ကြောင်း အလှမယ် သဲစုညိမ်းက ပြောပြ၍ သိရသည်။

ထိုသို့ လှူဒါန်းရာတွင် Miss Grand Myanmar 2024 အလှမယ် သဲစုညိမ်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် (၉၃) ရပ်ကွက်ရှိ လူဦးရေ ၄၅၀ ကို အာဟာရဒါနအဖြစ် ထမင်းနှင့် ငါးဖယ်ဟင်း၊ ငံပြာရည်ကြော်၊ တို့စရာအစုံအလင်ဖြင့် အာဟာရဒါနကျွေးမွေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး လှူဒါန်းမှုအစုစုအတွက် ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

"သဲသဲတို့က အရင်ပြောထားသလိုပဲ ရရှိလာတဲ့ကိုယ့်အနုပညာကြေးထဲက လူအယောက် ၄၅၀ စာ ထမင်းနဲ့ ဟင်းလျာဖြစ်တာပါ။ ဒီလိုလိုအပ်တာတွေကို လှူဒါန်းခွင့်တွေ ဆက်တိုက်ဆိုသလိုရလို့လဲ ပီတိဖြစ်ရပါတယ်။ ဒီလှူဒါန်းမှုတွေကို ပရဟိတ ကိုထွန်းမင်း စီစဉ်ဆောင်ရွက်မှုနဲ့အတူ ဆရာထူးအဖွဲ့လွင်က အစအဆုံး ကူညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု အလှမယ် သဲစုညိမ်းက ပြောပြသည်။

Miss Grand Myanmar 2024 အလှမယ် သဲစုညိမ်းသည် လက်တလော အနုပညာလှုပ်ရှားမှုအနေဖြင့် ပွဲ၊ မေမေ့အချစ်ဦး အမည်ရှိ ရုပ်ရှင်ဇာတ်ကားများ အပါအဝင် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၅ ကားခန့် ရိုက်ကူးသွားရန် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီငါးခုနှင့် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

ASH

# ဂျေဂျေအေဘရမ်ရိုက်ကူးမည့်ဇာတ်ကား၌ မင်းသားဆင်မြူရယ်အယ်ဂျက်ဆင် ပါဝင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၂၅


ဝါနာဘရားသားကုမ္ပဏီအတွက် ဒါရိုက်တာ ဂျေဂျေအေဘရမ် ရိုက်ကူးပေးမည့် ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဆင်မြူရယ်အယ်ဂျက်ဆင် ပါဝင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၂၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသားဆင်မြူရယ်အယ်ဂျက်ဆင်သည် အထက်ပါဇာတ်ကားသစ်၌ ပါဝင်ရေးအတွက် ဝါနာဘရားသားကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း၊ သဘောတူညီချက်ရရှိခဲ့ပါက ၎င်းဇာတ်ကားတွင် မင်းသား ဆင်မြူရယ်အယ်ဂျက်ဆင်သည် မင်းသား ဂလင်းပို့ဝဲ၊ ဂျင်နာအော်တေး၊ အမ်မာမက်ကေးတို့နှင့်အတူသရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဝါနာဘရားသားကုမ္ပဏီသည် အထက်ပါဇာတ်ကားကို ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် ၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျေဂျေအေဘရမ်ကပင် တာဝန်ယူရေးသားထားကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို လာမည့် နွေဦးရာသီတွင် ဗြိတိန်နိုင်ငံ၌ စတင်ရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Dried Mackerel fish marketable in Labutta Township


Mackerel fish being dried in the sun In Labutta Township.

**Labutta November 25**

Dried Mackerel fish is high demand at the domestic market in Labutta Township of Ayeyawady Region, said Daw Thin Hmwe, the businesspersons of trading various dried fish in Labutta Township.

Starting from the first week of November, the dried Mackerel fish is in high demand in Labutta Township. Merchants trade some 400 viss of such dried fish per day.

Daw Thin Hmwe commented: "Seawater dried Mackerel fish is in good trading in the region starting from the first week of November. Now, its price is slightly higher in the market due to demand from merchants from various regions including Yangon market."

Merchants from marine product trading realm from Labutta Township supply varieties of dried fish including dried Mackerel fish to Yangon market, fetching K307,000 per 10 viss. Kyaw Kyaw Lin

# Budalin Township completes cultivation of more than 6,000 acres of cowpea this cold season

**Budalin November 25**

A total of 6,606 acres of cowpea has been planted in Budalin Township of Sagaing Region this cold season, according to the statistics of Budalin Township Agriculture Department.

In 2024-25 cold season, authorities earmarked cultivation of 28,630 acres of cowpea in Budalin Township but farmers so far have planted 6,606 acres.

U Phyo Wai, Head of Budalin Township Agriculture Department, commented: "Farmers in Budalin Township have so far planted more than 6,000 acres of cowpea against the target of more than 28,000 acres. We help local farmers meet the target cultivation. They expand sown acreage of cowpea yearly. We cooperate with local farmers to produce cowpea with distribution of quality strains of crops, inputs and post-harvest technology."

Local farmers use Yezin-8 and Yezin-11 strains of cowpeas in the region. Farmers cost more than K300,000 per acre of cowpea.


A cowpea plantation.

This cold season, agricultural officials help local farmers use quality strains of crops, inputs and post-harvest technology for boosting per-acre yield. Moreover, farmers are urged to use Trichoderma for their croplands.

Sagaing Region is a largest sown acreage of pulses and beans across the nation. Local farmers grow pulses as mix-crops in other plantations in order to earn increased incomes from their crops. 206

# Plan underway to grow more than 4,000 acres of maize in Maubin Township this winter crop season

**Maubin November 25**

Maubin Township Agriculture Department arranges to grow 4,294 acres of maize in the township of Ayeyawady Region as a cold season crop this year, said U Zaw Min Tun, the Head of the Township Agriculture Department.

Local farmers started cultivation of 4,294 acres of maize in Maubin Township in the third week of November. In this regard, farmers will use the quality stains of crops guided by the Agriculture Department.

U Zaw Min Tun disclosed: "We plan to grow 4,294 acres of maize in Maubin Township this cold season. As it is a crop planted as usual, farmers will not have any difficulty. We have condicted training courses to farmers to solve the problems of pests. Our department will cooperate with Agricultural Mechanization and relevant departments in meeting the target cultivation of maize as well as other cold season crops."

Maubin Township Department of Agriculture has arranged soil preparations, selection of quality seeds, use of correct agricultural techniques and making of pesticides and natural fertilizers for maize plantations.

Kyaw Kyaw Lin

# Israel hits Beirut with new strikes as weekend death toll reaches 29

**Beirut November 25**

Israel launched multiple waves of airstrikes on Beirut and its southern suburbs on Sunday night, following earlier strikes that killed at least 29 people and wounded 66 others in the Lebanese capital.

The Israeli military said its warplanes conducted "intelligence-based strikes on Hezbollah command centers" in Beirut's southern suburbs, targeting areas including Haret Hreik, Burj Barajneh, and Hadath. Local television station al-Jadeed reported 12 airstrikes within half an hour.

Footage shared on social media showed massive black smoke clouds rising above Beirut's southern suburbs following Sunday's strikes, which came after Israeli army spokesperson Avichay Adraee warned residents on social media to evacuate several buildings in the area.

The strikes followed Saturday's deadly attack on an eight-story residential building in Beirut's Basta Fawka neighborhood. While Israeli media reported the strike targeted a prominent Hezbollah official, Lebanese lawmaker and Hezbollah member Amin Sherri denied any military or civilian party figures were in the building.

Xinhua

# Calin Georgescu leads tight Romanian presidential race, runoff pricture unclear


**Bucharest November 25**

Independent candidate Calin Georgescu has taken a narrow lead in Romania's presidential election, securing 21.9 percent of the vote with 77 percent of ballots counted, according to partial results released late on Sunday night.

Prime Minister Marcel Ciolacu, the chairman of the Social Democratic Party, trailed closely with 21.3 percent. Elena Lasconi, the leader of the Save Romania Union, is in third place at 16.3 percent, followed by George Simion, the leader of the Alliance for the Union of Romanians at 14.5 percent.

Key areas such as Bucharest, with 930,000 votes, and the diaspora, with 820,000 votes, remain largely uncounted. Together, these regions account for 1.7 million of the 2.8 million votes still to be tallied and are expected to significantly influence the outcome of this election's first round.

Exit polls indicate that Lasconi could perform well in these areas, potentially narrowing her 450,000-vote gap with Ciolacu. If she surpasses him, the final runoff could shift from a Georgescu-Ciolacu contest to a Georgescu-Lasconi showdown. Xinhua


A woman votes during the first round of the presidential elections at a polling station in Bucharest, Romania, Nov. 24, 2024.

# Some 1,000 acres of vegetables planted in Khamti Township


A land plot being prepared for growing vegetables.

**Khamti November 25**

According to the Khamti Township Agriculture Department, a total of 979 acres of vegetables has been planted in Khamti Township of Sagaing Region this cold season.

In 2024-25 cold season,local authorities earmarked 1,375 acres of vegetables in the township but farmers planted 979 acres of crops till today.

Daw Su Su Khaing, Head of Khamti Township Agriculture Department explained: "This cold season, township authorities set a plan to grow more than 1,000 acres of vegetables but farmers have planted 979 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower and Chinese cabbage. Our department urges local farmers to grow crops in GAP system so as to produce healthy vegetables with least chemical residues."

Officials of the Township Agriculture Department conduct training courses for local farmers and agricultural staff of the department in order to enhance their capacity for growing vegetables successfully, producing healthy crops, applying agricultural techniques and expanding sown acreage of crops.

Khamti Township grows seasonal crops yearly. Thanks to thriving crops, they can earn family incomes to improve socioeconomic life. Officials of Township Agriculture Department educate them to use correct agricultural techniques, prevent pest and systematically broadcast fertilizers and spray pesticides. 206

# Kawlin District finishes cultivation of more than 2,000 acres of green gram

**Kawlin November 25**

Statistics of Kawlin District Agriculture Department mentioned that a total of 2,063 acres of green gram has been planted in Kawlin District of Sagaing Region this year.

Local authorities earmarked cultivation of 2,200 acres of green gram in the district in 2024-25 cold season but local farmers have planted 2,063 acres of crops against the target.

U Win Thein, Head of Kawlin District Agriculture Department disclosed: "This year, we plan to grow 2,200 acres of green gram in the district, 2,064 of which has been planted by local farmers so far. They are trying hard to meet the target cultivation. Our department share knowledge about agricultural techniques with local farmers to expand sown acreage of crops and use quality strains of seeds."

In Kawlin District, Kawlin Township planted 1,264 acres, Wuntho Township 140 acres and Pinlebu Township 659 acres, totalling 2,063 acres.


A green gram plantation.

In 2024-25 cold season, authorities earmarked 1,235 acres of green gram in Kawlin Township, 161 acres in Wuntho Township and 804 acres in Pinlebu Township, totalling 2,200.

This year, officials of relevant Township Agriculture Department disseminate knowledge about quality strains of crops, good agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, officials of departments share quality strains of seeds, inputs and post-harvest technology with local farmers. 206

# Kyaiklat Township sends more than 70,000 viss of Spiny eel to Yangon market in October

**Kyaiklat November 25**

Merchants from Kyaiklat Township of Ayeyawady Region supplied 74,000 viss of Spiny eels to Yangon market in October, said Daw Phyu Aung, the owner of fishery trading commodity centre in Kyaiklat Township.

They purchase Spiny eels from local fishermen in the township and conduct systematic processing. In September they sent 60,000 viss of Spiny eel to Yangon market compared to 74,000 viss in October.

Daw Phyu Aung disclosed: "We send Spiny eels to Yangon market on a monthly basis. In October, we sent a large volume of Spiny eel to Yangon. Due to high demand from Yangon market, we extend more volume of spiny eel to Yangon. Subsequently, local fishermen and those in the production chain of marine products especially Spiny eels have job opportunities in earning incomes."

In the Yangon market, Spiny eel fetches K25,000 per viss. Due to booming marine product businesses, local fishermen and merchants in addition to truck drivers and others are convenient in their livelihoods. Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Ayadaw Township grows over 1,000 acres of winter sunflowers

**Ayadaw November 25**

A total of 1,180 acres of sunflowers have been planted at the time of winter crops planting season in Ayadaw Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 2,725 acres of winter sunflowers are planned to be planted in Ayadaw Township, and since October this year, 1,180 acres have been planted.

"We are working to reach the target area. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop. The oil production of sunflower, which is an oilseed crop, is more than that of peanuts and sesame. They only plant sunflower in the winter," said Daw San San Myint, head of the Department of Agriculture for Monywa District.

It is reported that the Department of Agriculture of the township is speeding up the educational courses in order to expand the cultivation of sunflower in Ayadaw Township.

206


A thriving sunflower plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက Pinaka အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များကို အမြောက်အမြားထုတ်လုပ်ရန် အဆင်သင့်ဖြစ်နေ



အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) သည် Pinaka အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် (MLRS) များကို အမြောက်အမြားထုတ်လုပ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Pinaka အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်သည် အိန္ဒိယနိုင်ငံအတွင်း အပြည့်အဝဒီဇိုင်းထုတ်ပြီး Pinaka အတွဲလိုက်ဒုံးပစ်လောင်ချာစနစ် ဖွံ့ဖြိုးတိုးတက်မှုတွင် စစ်လက်နက်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(ARDE)၊ Imarat သုတေသနစင်တာ(RCI)၊ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဓာတ်ခွဲခန်း(DRDL)၊ စွမ်းအင်မြင့် စက်ပစ္စည်းများ သုတေသနဓာတ်ခွဲခန်း (HEMRL)၊ သက်သေပြချက်နှင့် စမ်းသပ်ရေးအဖွဲ့အစည်း(PXE)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

Pinaka အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို အိန္ဒိယနိုင်ငံEconomic Explosives Limited (EEL) နှင့် Munitions India Limited (MIL) ကုမ္ပဏီက ထုတ်လုပ်ခဲ့သည်။ Pinaka MLRS စနစ်သည် မီတာ ၃၀ အတွင်း တိကျစွာ တိုက်ခိုက်နိုင်ရန်အတွက် အဆင့်မြင့် လမ်းညွှန်ထိန်းကျောင်းမှု စနစ်များကို ပေါင်းစပ်အသုံးပြုထားသည်။

မူရင်း Pinaka MLRS စနစ်တွင် တပ်ဖွဲ့ဝင်များစုရပ် သို့မဟုတ် အခြေခံအဆောက်အအုံများကဲ့သို့သော ကြီးမားသော ဧရိယာပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် အကွာအဝေး ကီလိုမီတာ ၄၀ ထိ တိုက်ပွဲဝင်နိုင်သော ပဲ့ထိန်းမဲ့ခဲယမ်းများ အသုံးပြုထားခြင်းဖြစ်သည်။

ယခု Pinaka အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် အကွာအဝေး ခန့်မှန်းခြေအားဖြင့် ၇၅ ကီလိုမီတာထိ တိကျစွာ ပစ်မှတ်ထားတိုက်ခိုက်နိုင်မည်ဖြစ်ပြီး ကွပ်ကဲမှုဌာနချုပ်များနှင့် အခိုင်အမာခံစစ်စခန်းများကဲ့သို့သော အချက်အချာ ပစ်မှတ်များကိုတိုက်ခိုက်ရန် အထူးသင့်လျော်သည်။

Pinaka MLRS စနစ်သည် ပေါက်ကွဲအားပြင်း ခဲယမ်းများအပါအဝင် ထိပ်ဖူးမျိုးစုံ တပ်ဆင်နိုင်ပြီး မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန် အထူးပြုလုပ်ထားသော ထိပ်ဖူးများကို အသုံးပြုထားသည်။ ခဲယမ်းနှစ်မျိုးစလုံးကို ဒုံးပစ်လောင်ချာ တစ်ခုတည်းဖြင့် ပစ်ခတ်နိုင်ပြီးတိုက်ပွဲဝင် စွမ်းဆောင်ရည် အမြင့်မားဆုံးရရှိစေရန် အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်ကို ထပ်မံအဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Pinaka အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သည် ပျံသန်းမှုလမ်းကြောင်းတည့်မတ်ပေးနိုင်မှုစနစ်ဖြင့် အကွာအဝေး ကီလိုမီတာ ၉၀ ထိတိုးမြှင့်ထားပြီး ထပ်မံ၍ ကီလိုမီတာ ၁၂၀ မှ ကီလိုမီတာ ၃၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည့် အဆင့်မြင့်ခဲယမ်းများ ထုတ်လုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါစနစ် ဖွဲ့စည်းပုံအနေဖြင့် တပ်ခွဲတစ်ခွဲလျှင် ဒုံးပစ်လောင်ချာယာဉ်ခြောက်စီး၊ တစ်စီးလျှင် ဒုံးကျည် ၁၂ တောင့်၊ ကျည်ထိုးကျည်သယ်ယာဉ်ခြောက်စီး၊ ပစ်ခတ်မှုထိန်းချုပ်ရေးစနစ်များပါရှိသော ကြီးကြပ်ကွပ်ကဲမှုယာဉ်နှစ်စီးတို့ ပါဝင်မည်ဖြစ်သည်။

**Indian Army to modernize artillery as mass production of Guided Pinaka rocket launcher begins ကို ဘာသာပြန်ဆိုထားပါသည်။**

## ပါကစ္စတန်နိုင်ငံက Shahpar-III ဒရုန်းကို IDEAS 2024 တွင် မိတ်ဆက်ပြသ

ပါကစ္စတန်နိုင်ငံ Karachi Expo Centre ၌ ကျင်းပသည့် နိုင်ငံတကာကာကွယ်ရေးပြပွဲနှင့် နီးနှောဖလှယ်ပွဲ (IDEAS 2024) တွင် ၎င်း၏ကာကွယ်ရေးလက်နက်တိုက်တွင် ဆန်းသစ်တီထွင်မှုတစ်ခုဖြစ်သည့် Shahpar-III ဒရုန်းကို မိတ်ဆက်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Shahpar-III ဒရုန်းသည် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ် (UCAV) နယ်ပယ်တွင် နိုင်ငံ၏ဒီဇိုင်းထုတ်နိုင်စွမ်းကိုမီးမောင်းထိုးပြထားသည်။ ဤဒရုန်းသည် အမေရိကန်ထုတ် MQ-9 Reaper နှင့် တူကီယဲနိုင်ငံထုတ် AKINCI ကဲ့သို့သော ဒရုန်းများနှင့် ယှဉ်ပြိုင်နိုင်သော နိုင်ငံတကာထုတ် မောင်းသူမဲ့လေယာဉ်၊ ဒရုန်း အမျိုးအစားများတွင် ပါကစ္စတန်နိုင်ငံကို အဆင့်တစ်ခုရှိကြောင်း ပြသထားသည်။

Shahpar-III သည် လေထဲတွင် ကြာရှည်ပျံသန်းနိုင်စွမ်းရှိသော ဒရုန်းအမျိုးအစားဖြစ်ပြီး တိကျသောတိုက်ခိုက်ခြင်းများနှင့် ကင်းထောက်စွမ်းရည်များ ပိုင်ဆိုင်ထားကြောင်း သိရသည်။ လေထဲတွင် နာရီပေါင်း ၃၀ ကြာ ပျံသန်းနိုင်စွမ်းရှိသဖြင့် ဧရိယာကျယ်ပြန့်စွာ လွှမ်းခြုံ၍ ထောက်လှမ်းရေးအချက်အလက်စုဆောင်းခြင်းမှသည် မဟာဗျူဟာမြောက်ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းသည်ထိ မတူကွဲပြားသော ရည်မှန်းချက်တာဝန်အမျိုးမျိုးအတွက် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ နည်းပညာဆိုင်ရာကိုယ်တိုင် တီထွင်ထုတ်လုပ်နိုင်ရေးကြိုးပမ်းအားထုတ်လာမှုအပေါ် အလေးပေးဖော်ပြလိုသော Shahpar-IIIဒရုန်းသည် ပြည်တွင်းထုတ်လုပ်နိုင်မှု မဟာဗျူဟာအပေါ် အခြေခံထားခြင်းဖြစ်သည်။ Shahpar-III ဒရုန်းသည် အဆင့်မြင့်လေကြောင်းနည်းပညာ၊ စွမ်းဆောင်ရည်မြင့် အာရုံခံစနစ်များနှင့် တိကျသောပျံသန်းထိန်းချုပ်မှုစနစ်တို့ကို ပေါင်းစပ်အသုံးပြုထားသည်။ ပါကစ္စတန်နိုင်ငံ၌ အပြည့်အဝဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ပြည်တွင်းအင်ဂျင်နီယာများ၏ ကျွမ်းကျင်မှုနှင့် အရည်အသွေးကို ဖော်ညွှန်းပြသလျက်ရှိကြောင်း သိရသည်။




ပါကစ္စတန်နိုင်ငံ၏ Shahpar-III ဒရုန်းကို ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းသည် ခေတ်သစ်စစ်ဆင်ရေးများတွင် ဒရုန်းများ အဓိကအခန်းကဏ္ဍမှ ပါဝင်နေချိန်ဖြစ်သည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော၊ ဖြစ်ပွားနေဆဲပဋိပက္ခများက တပ်ဖွဲ့ဝင်များအတွက် အန္တရာယ်နည်းပါးစေပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကို အမြင့်ဆုံးအဆင့်မြှင့်တင်ရန် ကြိုးပမ်းနေသည့် နိုင်ငံတကာ တပ်မတော်များအတွက် ဒရုန်း၊ မောင်းသူမဲ့လေယာဉ်စနစ်များသည် မရှိမဖြစ်ဖြစ်လာကြောင်း သက်သေပြသလျက်ရှိသည်။ ကမ္ဘာပေါ်တွင် အတိုးတက်ဆုံး ဒရုန်းများနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်သည့် ဒရုန်းအမျိုးအစားတစ်ခုကို စျေးကွက်တင်ရောင်းချခြင်းဖြင့် ပါကစ္စတန်နိုင်ငံသည် ကာကွယ်ရေးစက်မှုလုပ်ငန်းတွင် အရေးပါသောနိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်စေမည်ဖြစ်ကာ စျေးနှုန်းအားဖြင့် တတ်နိုင်သော နည်းပညာဆိုင်ရာဖြေရှင်းချက်များကို စိတ်ဝင်စားလျက်ရှိသည့် နိုင်ငံများအတွက် အလားအလာရှိသော ထောက်ပံ့နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

Shahpar-III ဒရုန်းသည် နိုင်ငံတကာစင်မြင့်ထက်တွင် ပါကစ္စတန်နိုင်ငံ၏ ရပ်တည်မှုကိုခိုင်မာစေပြီး ခေတ်မီတပ်မတော်များ၏ ကြီးထွားလာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စွမ်းဆောင်ရည်၊ ဆန်းသစ်တီထွင်မှုနှင့် အလိုအလျောက် လုပ်ဆောင်နိုင်မှုတို့ ပေါင်းစပ်ပါဝင်လာသည့် ဒရုန်းအမျိုးအစားလည်းဖြစ်သည်။

**Pakistan Continues to Develop Its Local Military Industry With Unveiling of Its Shahpar-III Drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၇၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၇၈၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲကေ ၂၁၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၈၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တမူးခရိုင်အတွင်း မြေပဲကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးလှမြင့်က ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် မြို့နယ်အလိုက်မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၄၅၅ ကေ၊ တမူးမြို့နယ်တွင် ၅၇၆ ကေ နှင့် ခါမ်းပါတ်မြို့တွင် ၇၅၈ ကေ စုစုပေါင်း ၁၇၈၉ ကေ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့်မြေဩဇာပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်း၊ တစ်ကေ စိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဘိုကလေး နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို နိုဝင်ဘာလ ပထမပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၁၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက် တစ်ပိဿာကို ငွေကျပ် ၂၅၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် မော်လမြိုင်ကျွန်းနဲ့ အခြားဒေသတွေက ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ဆောင်ပေးပါတယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက် ကွမ်းရွက်များကို စနစ်တကျထုပ်ပိုးကာ အခြားဒေသများသို့ တင်ပို့ရောင်းချနေ



ကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကွမ်းရွက်စိုက်ပျိုးသူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာကြောင်း ဘိုကလေးမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ရွာတော်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ရိစာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ရွာသစ်ကျေးရွာ၌ အရှည်ပေ ၂၅၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း ရိစာခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၄၃၁အိမ်မှ လူဦးရေ၆၁၇ တို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သူသူ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၃၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ













**ရန်ကုန် နိုဝင်ဘာ ၂၅**

၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) (ဗဟို) ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)အသင်းဥက္ကဋ္ဌ ဦးရဲထွန်း၊ ဒုတိယဥက္ကဋ္ဌများနှင့် YMBA အသင်းသားများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ တက်ရောက်လာကြသူများက အမျိုးသားအောင်ပွဲနေ့ ဩဝါဒကထာကို နာကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ စည်သူ ဦးစိုးသိန်းက ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုဝန်ကြီး ဇေယျကျော်ထင် စည်သူ ဦးမောင်မောင်အုန်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မရှိခဏကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏထံ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ စည်သူ ဦးစိုးသိန်းကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် နတ်စင်တစ်ရာကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာတေဇထံ တိုင်းမှူး ဇေယျကျော်ထင် ဗိုလ်ချုပ်ဇော်ဟိန်းကလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ အဘိဓဇ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဘွဲ့ခံဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့က ဘွဲ့ရဆရာတော်တစ်ပါးနှင့် လူပုဂ္ဂိုလ်များထံ ဘွဲ့တံဆိပ်များဆက်ကပ်ချီးမြှင့်ကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက လက်ခံရယူသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးရဲထွန်းက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ပြောကြားပြီး တာဝန်ရှိသူများက လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များကို ချီးမြှင့်ကြသည်။

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းကို ၁၉၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ်တွင် ၁၀၄ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း၏ လုပ်ငန်းစဉ်မှာ "အမျိုးကိုချစ်ပါ၊ ဘာသာကို လေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကို အားပေးပါနှင့် YMBA၏ ဆောင်ပုဒ်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာနှင့် နိုင်ငံ့အရေးအတွက် အမြဲအသင့်ရှိနေ YMBA" ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

ဆောင်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းနှင့် နေကြာများစိုက်ပျိုးရန် တောင်သူများ ဆောင်ရွက်လျက်ရှိပြီး မတ်ပဲနှင့်ပဲတီစိမ်း ဧက ၄၀၀၀၀၀ ကျော်၊ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နှမ်းနှင့် နေကြာကို ဧက ၂၀၀၀၀ ခန့် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ထို့အတူ ဆည်ရေရရှိသော စိုက်ခင်းများတွင် နွေစပါး ဧက ၂၅၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မိုးစပါးစိုက်ခင်းတွေအောင်မြင်ဖို့ တိုင်းဒေသကြီးအစိုးရနဲ့ ဌာနဆိုင်ရာတွေပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်နဲ့ အဖွဲ့အစည်းတွေက မျိုးစပါး၊ သွင်းအားစုတွေကို သီးနှံပြန်ပေါ်ပေးစနစ်နဲ့ ပံ့ပိုးဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် မိုးစပါးအဆင်ပြေစွာစိုက်ပျိုးရိတ်သိမ်းနိုင်တယ်။ ဆက်လက်ပြီး တောင်သူတွေ အကျိုးစီးပွားဖြစ်ထွန်းဖို့အတွက် ဆောင်းသီးနှံနဲ့နွေစပါးမှာ သိပ္ပံနည်းကျစိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာပါ"ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးတောင်သူများ အဆင်ပြေစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**




သက်တမ်းတိုမိုးစပါးခင်းများ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

# နေပြည်တော်၌ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ကျောင်းသူများက "ဇာတိမာန်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်သည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားသည်။

ထို့နောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် ဂုဏ်ပြုသီဆိုတင်ဆက်ကြပြီး ၁၀၄ နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့တွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ ၇၃၅ တွဲရောင်းချနိုင်ခဲ့





**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဋ္ဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်းရတနာကုန်သည်များသည် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက်ခင်းကျင်းပြသထားသည့်ပြည်တွင်းရတနာကုန်သည်များသာဝယ်ယူခွင့်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ်(၂၅၆၀)မှ(၃၃၀၉)ထိ ကျောက်စိမ်းအတွဲ ၇၅၀ ကိုပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးရာ ကျောက်စိမ်းအတွဲ ၇၃၅ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ပြပွဲနဝမနေ့တွင် ရောင်းချမည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၃၃၁၀)မှ အတွဲအမှတ် (၄၀၅၉)ထိ ကျောက်စိမ်းအတွဲ ၇၅၀ ကို ပြည်တွင်းရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင်ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများစာရင်းကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ပြပွဲတွင် အုပ်စု(အေ၊ဘီနှင့်စီ)တို့မှ ကျောက်စိမ်းအတွဲ ၄၈၀၀ ကိုနေ့ရက်အလိုက် ပြည်တွင်း၊ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲ ၂၅၅၉ တွဲအနက်မှ ကျောက်စိမ်းအတွဲ ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကိုလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ်(၂၅၆၀)မှ အတွဲအမှတ်(၃၃၀၉)အတွဲထိ ကျောက်စိမ်းအတွဲ ၇၅၀ အနက်မှ ၇၃၅ တွဲကို ပြည်တွင်းရတနာကုန်သည်များကိုလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၇ ရက်ထိ ပြည်တွင်းရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအသင်း ခြေစမ်းလေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phangနော်တောင် ကြည့်ရှုအားပေး




နေပြည်တော် နိုဝင်ဘာ ၂၅

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်း Indoor Stadium အားကစားလေ့ကျင့်ရေးစခန်း၌ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် ရှမ်းပြည်နယ်ကိုယ်စားပြုအသင်းတို့ ခြေစမ်းလေ့ကျင့်ယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမျိုးသားအားကစားပွဲတော်သို့ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက မှန်ကန်သည့်အားကစားစိတ်ဓာတ်ဖြင့် အလေးအနက်ထားယှဉ်ပြိုင်ပြီး ဝန်ကြီးဌာနအတွက် ထိုက်တန်သည့်အောင်မြင်မှုဆုတံဆိပ်များကိုဆွတ်ခူးနိုင်ရန် ကြိုးစားကြစေလိုပြီး အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးကြပြီး နှစ်ဖက်အသင်းမှ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေများနှင့်အင်အားဖြည့်အစားအစာများပေးအပ်ခဲ့ကာ ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သို့တက်ရောက်ရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်းသို့ ရောက်ရှိလာသည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ပေးနေမှုများကိုကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

# တောင်သူများပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်



နေပြည်တော် နိုဝင်ဘာ ၂၅

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များဦးဆောင်၍ တောင်သူများပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်စိုက်ကွင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

စိုက်ကွင်းရှင်းလင်းဆောင်၌တာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်မြင်ရေးနှင့် တောင်သူများ၏ ဝင်ငွေအကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် မိမိတို့ဝန်ကြီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးရေးပညာရှင်များ သုတေသီများနှင့် တောင်သူများ အလုပ်မ်းကွာဝေးမှုမရှိစေဘဲ အပြန်အလှန်အားကိုးယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် တောင်သူများ၏ ပကတိမြေပြင်အခြေအနေကိုသိရှိပြီး စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများအပိုင်းက နည်းပညာအကြံဉာဏ်များ ရှာဖွေဖော်ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသဖြင့် တောင်သူများအပိုင်းက စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးပေးကြရန်လိုကြောင်း၊ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တောင်သူနည်းပညာဖွံ့ဖြိုးရေးနှီးနှောဖလှယ်ပွဲများဆောင်ရွက်ပေးလျက်ရှိရာ မပျက်မကွက်တက်ရောက်ကြစေလိုကြောင်း၊ လူစာ၊ တိရစ္ဆာန်စာ၊ မြေစာဂေဟစနစ်စာများစိုက်ပျိုးကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများသည် တောင်သူများနှင့်အတူ စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်ပျိုးထားသည့် စိုက်ကွင်းသို့ ကွင်းဆင်း၍ မျိုးရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးနှင့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)တို့ကို စနစ်တကျရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်




**နေပြည်တော် နိုဝင်ဘာ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ထိုသို့ သွားရောက်ဖူးမြော်စဉ် ပြည်ထောင်စုဝန်ကြီးသည် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဝင်များကို လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမရပူရမြို့ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့သွားရောက်၍ မဟာနာယကချုပ်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်းမြို့ရိုးအနောက်ဘက်စည်ရှည်တံခါးပေါက်နှင့် မြို့ရိုးများကြံ့ခိုင်မှုရှိစေရန် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နေမှု၊ ပြာသာဒ်ကြီး၊ ပြာသာဒ်ငယ် အဆောင်များပြုပြင်ထိန်းသိမ်းနေမှုနန်းမြို့ရိုးတောင်ဘက်နှင့် အနောက်ဘက်များ၌ ဆွေးမြည့်နေသည့်အုတ်များပြုပြင်ဆောင်ရွက်နေမှု၊ စည်ရှည်တံတားကို မူလပုံသဏ္ဌာန်မပျက်ပြန်လည်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီးနှင့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)တို့ကိုစနစ်တကျရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့်ဆောင်ရွက်နေမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်များအပါအဝင် သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဥပုသ်တော်ရပ်ကွက်ရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားရှိ သုဓမ္မာဇရပ်တန်းကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့က အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိ မဟာဇေယျပထတံတား(ခ)ဦးအိုအုတ်လမ်း၏ ကြွင်းကျန်နေသော ပေ ၂၆၀၀ ကျော်၏ လက်ရှိပျက်စီးနေမှုကို ပြန်လည်ပြုပြင်ရမည့်အခြေအနေနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လွယ်ကူချောမွေ့စွာသွားလာနိုင်ရန် လမ်းများပြုပြင်ရမည့်အခြေအနေကိုလည်းကောင်း၊အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုးမြို့တည်နန်းတည် သတိုးမင်းဖျားမင်းရုပ်တုကိုလည်းကောင်း၊မဟာအောင်မြေဘုံစံအုတ်ကျောင်း(ခ)မယ်နုအုတ်ကျောင်းကို မြေဝါသုတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အင်းဝယဉ်ကျေးမှုဇုန်အတွင်း ခရီးသွားများ အဆင်ပြေစွာ လေ့လာကြည့်ရှုနိုင်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် အစီအစဉ်များရေးဆွဲဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ကလောနှင့်ပင်းတယဒေသ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းတွင် ကလောမြို့ Mya Yar Pin ဟိုတယ်၌ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization- DMO) များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုခရီးသွားရာသီတွင်ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ရောက်ရှိနိုင်ရေးပြင်ဆင်ရမည့် ကိစ္စရပ်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကလောဒေသကို ခရီးသွားမြို့တော်ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ကလောမြို့ခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၂၂-၂၀၂၅)ကို မဟာဗျူဟာ (၅)ချက်ဖြင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်အကောင်အထည်ဖော်မှုများဖြင့် ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်း အကောင်အထည်ဖော်မှုကို အထောက်အကူပြုရန် ကလောမြို့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ကျင်းပခဲ့ပါကြောင်း၊ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအနေဖြင့် ဖိုရမ်ဆွေးနွေးမှုရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏တာဝန်ကျရာ အခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့(DMO)များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကလောဒေသရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။





ထို့နောက်နန်းသဲကျေးရွာရှိ Adventure Tourism Site တစ်ခုဖြစ်သည့် Kalaw Glamping & Eco-Activities သို့သွားရောက်ကာ ခရီးသွားဧည့်သည်များအတွက် ဘေးအန္တရာယ်ကင်းစွာ စွန့်စားခရီးသွားလုပ်ငန်း အကောင်အထည်ဖော်ထားရှိမှုနှင့် အပန်းဖြေခရီးသွားလုပ်ငန်းဖော်ဆောင်ထားရှိမှု၊နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် ကလောမြို့ရှိ Kalaw Heritage Hotel နှင့် ပင်းတယမြို့ရှိ PINDAYA Hotelတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပင်းတယမြို့ရှိရွှေဥမင်ဘုရားသို့သွားရောက်ဖူးမြော်ကြည်ညို၍ ဘုရားဥမင်အတွင်း လာရောက်ဖူးမြော်ကြမည့် ဘုရားဖူးဧည့်သည်များ အဆင်ပြေစွာဖူးမြော်သွားလာနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဘုရားဂေါပကထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုအများဆုံးနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့တွင် ယခုနှစ် ဧပြီလမှစ၍ အယ်လ်နီညိုရာသီဥတု၏အကျိုးသက်ရောက်မှုကြောင့် စားအုန်းဆီထွက်ရှိမှုနှင့်ထုတ်လုပ်မှု ကျဆင်းလာခြင်း၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ စားအုန်းဆီဝယ်လိုအားပိုမိုမြင့်တက်လာခြင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝဒီဇယ်ဆီအစီအစဉ်တွင် စားအုန်းဆီပါဝင်မှုအချိုးကို မြှင့်တင်သတ်မှတ်ခဲ့ခြင်း၊ ထိုင်းနိုင်ငံအစိုးရက စားအုန်းဆီကြမ်းတင်ပို့မှုကိုကန့်သတ်တားဆီးလိုက်ခြင်းတို့ကြောင့် ကမ္ဘာ့စားအုန်းဆီဈေးကွက်အပေါ်သက်ရောက်မှုများရှိလာပြီး ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်လူငယ် အားကစားလေ့ကျင့်ရေးကွင်း (မန္တလေး)သို့ သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် ဘောလုံးအသင်းတို့မှ အားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြားသည်။



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်ဖြင့် ပါဝင်ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ စခန်းသွင်းလေ့ကျင့်နေသည့်ကာလတွင် ဝီရိယရှေ့ထား၍ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ကြိုးစားလေ့ကျင့်သွားရန်လိုအပ်ကြောင်း မှာကြားပြီး ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခြေစမ်းပွဲ ယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဖူဆယ်၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက် စသည့် အားကစားနည်း ခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသည့် အားကစားပြိုင်ပွဲဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုကို ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် နေပြည်တော် တည်းခိုရေးစခန်းသို့ ရောက်ရှိနေသည့် အားကစားသမားများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ဖွင့်လှစ်ထားသည့် ဆေးခန်းများနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဖွင့်လှစ်ထားသည့် ဆေးခန်း၊ ကျန်းမာရေးဆပ်ကော်မတီရုံးခန်း ဖွင့်လှစ်ထားရှိမှု၊ တိုင်းရင်းဆေးခန်း ဖွင့်လှစ်မည့်အခြေအနေတို့ကို ကြည့်ရှု၍ ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံစွာစီစဉ်ဆောင်ရွက်ထားရန်၊ လိုအပ်ပါက လူနာများ လွှဲပြောင်းနိုင်ရေးအတွက် လူနာတင်ယာဉ်များထားရှိရန်၊ ကူးစက်ရောဂါများဖြစ်ပွားမှုရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် မှာကြားသည်။

ထို့နောက် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးအတွက် တည်းခိုရေးစခန်းအတွင်းရှိ ရေကန်များကို ကလိုရင်းခတ်ခြင်း၊ အားကစားအဖွဲ့များ သန့်လေးသန့် အကြောင်း ကျန်းမာရေးအသိပညာပေးခြင်း၊ သောက်သုံးရေများ ရေသန့်ဆေးပြားများခတ်ခြင်း၊ အိမ်သာများ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ထားရှိမှုများ၊ ထမင်းစားဆောင်များ၊ မီးဖိုချောင်နှင့် သက်သာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အစားအသောက် ပြင်ဆင်ချက်ပြုတ်ကျွေးမွေးမှုများ သန့်ရှင်းမှုရှိစေရေးအတွက် နေ့စဉ်အလေးထားဆောင်ရွက်ရန်မှာကြားကာ လိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

အမျိုးသား အားကစားပွဲတော်၌ ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များကို ကျန်းမာရေးဝန်ကြီးဌာနအပြင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ပူးပေါင်းစုဖွဲ့ထားရှိပြီး အရေးပေါ်ကုသမှု ဆေးပညာအထူးကုဆရာဝန်များ၊ အရိုးအထူးကုဆရာဝန်များ၊ အကြောအဆစ်အထူးကုဆရာဝန်များပါ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး အားကစားသမားများ တားမြစ်ဆေးသုံးစွဲမှုစစ်ဆေးရေး လုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားသမားများ၏ တည်းခိုဆောင်များနှင့် နေထိုင်စားသောက်မှုများကို ဒုတိယဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း(ရွာတော်)သို့ သွားရောက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားသမားများ တည်းခိုမည့် တည်းခိုဆောင်များ ခင်းကျင်းထားရှိမှု၊ ဆပ်ကော်မတီအလိုက် ရုံးခန်းဖွင့်လှစ်ထားရှိမှု၊ ချက်ပြုတ်ကျွေးမွေးမှုများနှင့် ချက်ပြုတ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန် ရောက်ရှိလာသည့် ကချင်ပြည်နယ်အသင်းမှ အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများကို တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စားသောက်ဆိုင်များတွင် အားကစားသမားများအတွက် နေ့စဉ်သုံးပစ္စည်းများနှင့် အဆာပြေအစားအသောက်များ ရောင်းချနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်




**မန္တလေး နိုဝင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်တို့တွင် စာစီစာကုံး၊ ကဗျာ၊ပန်းချီပြိုင်ပွဲများ၌ ဆုရကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဆုရ ကျောင်းသား၊ကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ကျောင်းသား၊ကျောင်းသူများ ပျော်ပွဲရွှင်ပွဲ ကစားပွဲများတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**





**❖ မုန်တိုင်းငယ်မှအဆက်**

ရေမိုင် ၅၄၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောမုန်တိုင်းငယ်(Deep Depression)အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ထိုမှတစ်ဆင့် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ





နေပြည်တော် နိုဝင်ဘာ ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၅ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၈၀၇၁၂၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်းကျေးရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck လေးစီး၊ Hino Profia Truck နှစ်စီး၊ Fuso Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၂ရက်မှ ၂၄ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၂၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၃၀၇၁၂၇၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူ ပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



နေပြည်တော် နိုဝင်ဘာ ၂၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၅ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၇)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် မဟာသီရိလမ်းထောင့်တွင် ချမ်းငြိမ်းဇော် (ခ)ဖိုးသား မောင်းနှင်ပြီး တိုးပိုင်၊ မောင်မောင်အေးနှင့် မျိုးဝင်း (ခ) အောင်ကိုလတ်တို့ လိုက်ပါလာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် ကိုနိုင်(ခ) ဇော်မင်းအောင်အား နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁)ရပ်ကွက်တွင်လည်းကောင်း၊ ရာဇာဖြိုး (ခ) ပခူးညီအား နိုဝင်ဘာ ၂၁ ရက် ည ၁၁ နာရီတွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်တွင်လည်းကောင်း၊ မဌေးဌေးစိန်အား နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက်တွင်လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် သုဓမ္မာလမ်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မခိုင်သီတာဝင်း(ခ)မသီတာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငဖဲမြို့နယ် ဘုံးဘောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားပြီး လွှဲ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဘုံးဘောကျေးရွာကို နိုဝင်ဘာ ၂၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး အများပြည်သူအထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်တွင် ငဖဲမြို့နယ် ဘုံးဘောကျေးရွာအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း မြေပြင်သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ဘုံးဘောကျေးရွာအတွင်းမှ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ နေအိမ်များကို မီးရှို့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများ၏နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းကို ဖုံးကွယ်ရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**




# နိုဝင်ဘာ ၁၇ ရက်မှ ၂၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီမှ နိုဝင်ဘာ ၂၄ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၂၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

ရွှေဘိုဘာမထိခင်အောင်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်သည် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူအစိုးရခေတ် ၁၉၂၀ ပြည့်နှစ်က အစပြုခဲ့သည့် ကျွန်ပညာရေးစီမံချက်ကို မြန်မာတိုင်းရင်းသား၊ တိုင်းရင်းသူအပေါင်းတို့က တွန်းလှန်းရာ ယခုနှစ်တွင် နှစ်ပေါင်း ၁၀၄ နှစ် ရှိခဲ့ပြီဖြစ်သည်။

**အမျိုးသားအောင်ပွဲနေ့ဆိုတာဘာလဲ**

အမျိုးသားအောင်ပွဲနေ့ဆိုသည်မှာ တိုင်းချစ်ပြည်ချစ်စိတ်ရှိကြရန် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားအားလုံးအတွက် အင်မတန်မှထူးခြားပြီး တန်ဖိုးမဖြတ်နိုင်သည့်နေ့ထူးနေ့မြတ်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ရခြင်း၏အဓိကသော့ချက်သည် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာရခြင်း၏ သမိုင်းကြောင်းကြောင့်ဖြစ်သည်။ အမျိုးသားအောင်ပွဲနေ့၏ သမိုင်းကြောင်းကို အသေးစိတ်ဖော်ပြလိုက်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် သမိုင်းကြောင်းများရှိကြသည်။ မည်သည့်နိုင်ငံဖြစ်ဖြစ် သူတို့၏နိုင်ငံ့သမိုင်းကို အလွန်အမွှမ်းတင်ကာ ပြဋ္ဌာန်းချက်များထုတ်ထားခဲ့ကြသည်။ သမိုင်းကို အထိမခံကြ၊ အစော်ကားမခံကြပေ။ "သမိုင်းပျောက်လျှင် တိုင်းပြည်ပါပျောက်မည်"ဟု အင်္ဂလိပ်စာရေးဆရာ၊ ပြဇာတ်ရေးဆရာကြီး ဘားနက်ရှော့က ဆိုခဲ့သည်။ ကျွန်တော်တို့၏မြန်မာ့သမိုင်းကိုရော ရာဇဝင်ကိုပါ မေ့မှိန်ပပျောက်မသွားစေရန် တိုင်းရင်းသားအားလုံးတွင် တာဝန်ရှိသည်။ အမျိုးသားအောင်ပွဲနေ့သမိုင်းသည် တိုင်းရင်းသားအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်သည်။

ဘကြီးတော်လက်ထက် အင်္ဂလိပ်-မြန်မာစစ်ဖြစ်ခဲ့သည်။ ၁၈၂၄ ခုနှစ် မတ် ၅ ရက်က မြန်မာများစစ်ရှုံး၍ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ပေးလိုက်ရသည်။ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ် ဧပြီ ၁၂ ရက်ကစတင်ပြီး အင်္ဂလိပ်- မြန်မာ ဒုတိယအကြိမ်စစ်ဖြစ်ခဲ့သည်။ စစ်ရှုံး၍ ပဲခူးတိုင်းကိုပေးလိုက်ရပြန်သည်။ ထို့နောက် သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် မန္တလေးမြို့အပါအဝင် အထက်မြန်မာပြည်ကို အင်္ဂလိပ်က သိမ်းယူခဲ့သည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အိန္ဒိယနိုင်ငံဘုရင်ခံချုပ်က မြန်မာနိုင်ငံတစ်ဝန်းကို အင်္ဂလိပ်က သိမ်းပိုက်လိုက်ပြီဟု ကမ္ဘာကို ကြေညာလိုက်သည်။ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး အင်္ဂလိပ်၏ ကျွန်ဖြစ်ခဲ့သည်။

**အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သွတ်သွင်းခံရ**

အင်္ဂလိပ်ကျွန်ဘဝ ၁၂ နှစ်တာကာလ ၁၈၉၇ ခုနှစ် မေ ၁ ရက်တွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သွတ်သွင်းခြင်းခံလိုက်ရပြန်ပါသည်။ (ထိုစဉ်က အိန္ဒိယနိုင်ငံကလည်း အင်္ဂလိပ်အစိုးရ၏ ကျွန်ဖြစ်သည်။)

ကျွန်တော်တို့မြန်မာနိုင်ငံကို ၁၈၉၇ ခုနှစ်က အုပ်ချုပ်ခဲ့သည့် အင်္ဂလိပ်လူမျိုး ဒုတိယဘုရင်ခံ SIR F. W. FRAZIER ဖြစ်သည်။ ၁၉၀၆ ခုနှစ် မေ ၁၀ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ)ပေါ်ပေါက်လာသည်။

သူ့ခေတ်နှင့်သူ မျိုးချစ်စိတ်ရှိသူ၊ အမျိုးသားရေးနိုးကြားသူများ အလျှိုအလျှိုပေါ်ပေါက်လာကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ရှောက်လိုသည့် ပုဂ္ဂိုလ်များက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)ကို တည်ထောင်ခဲ့သည်။ အမျိုးသားရေးကိုဦးတည်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဝိုင်အမ်ဘီအေ) တည်ထောင်ဖွဲ့စည်းခဲ့သည်။ ဝိုင်အမ်ဘီအေဖွဲ့စည်းပြီး ခုနစ်လအကြာတွင် ကျွန်ပညာရေးစနစ်ပြဋ္ဌာန်းချက်များကို မကျေနပ်ကြသဖြင့် တစ်နိုင်ငံလုံးလှုပ်ရှားလာကြပြီး ကျောင်းသားကြီး ၁၁ ဦး ဦးဆောင်သည့် ကျောင်းသားသပိတ်ကြီးပေါ်ပေါက်လာခဲ့သည်။ ထိုကျောင်းသားသပိတ်ကြီးကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင် နိုင်ငံရေးခေါင်းဆောင်ကြီးများက နောက်မှ အားပေးခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ ကျွန်ပညာရေးပြဋ္ဌာန်းချက်ကို သပိတ်မှောက်ခဲ့သည့် ၁၉၂၀ ပြည့်နှစ်ထိ မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုမျှ မရှိသေးချေ။ ထိုအခါက ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းများသည် ကာလကတ္တားတက္ကသိုလ် လက်အောက်ခံကျောင်းများဖြစ်ကြ၏။ ထိုတက္ကသိုလ်မှ ပြဋ္ဌာန်းထားသောပညာရပ်များကိုသာ သင်ကြားရပြီး ထိုတက္ကသိုလ်မှစစ်မေးသော စာမေးပွဲများကို ဖြေဆိုကြရ၏။ သို့နှင့် ၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်၌ သီးသန့်တက္ကသိုလ်တစ်ခုထားရန်ယူဆကာ မြန်မာလူမျိုးများနှင့်သင့်လျော်မည်ဟုဆိုသော တက္ကသိုလ်ဥပဒေကြမ်းကို အင်္ဂလိပ်ဗျူရိုကရက်အစိုးရက ရေးဆွဲ၏။ ထိုဥပဒေကြမ်းကို ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်မှဝေဖန်နိုင်ရန် ကြေညာ၏။ ထိုဥပဒေကြမ်းသည် မြန်မာလူမျိုးများအထက်တန်းပညာသင်ကြားနိုင်ရေးကို များစွာချုပ်ချယ်ထားသည်ကို တွေ့ရ၏။ ထို့ကြောင့် နိုင်ငံတစ်ဝန်း မြို့လုံးကျွတ်အစည်းအဝေးများခေါ်ကာ တစ်မျိုး၊ သတင်းစာများမှဝေဖန်၍ ကန့်ကွက်ခြင်းများကတစ်ဖုံ အမျိုးမျိုးကန့်ကွက်ခဲ့ကြ၏။ လက်ထောက်အင်္ဂလိပ်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်ခေါင်းဆောင်သည့် ဗျူရိုကရက်အစိုးရ အနည်းငယ်မျှမဖြုံ။ "မင်းတို့ဗမာတွေ ပညာရေးကိုဘာနားလည်သလဲ"ဟုဆိုကာ ကန့်ကွက်ချက်များကို အရေးမယူဘဲ လျစ်လျူရှုခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ထိုအက်ဥပဒေကို အတည်ပြုသည်ဟု ကြေညာတော့၏။

ထိုအခါ ကောလိပ်ကျောင်းသားကြီးများသည် မြန်မာပြည်နိုင်ငံရေးတွင် ကိုယ်ထိလက်ရောက်ဝင်ရောက်ဆောင်ရွက်ခြင်းများ မပြုခဲ့သော်လည်း မြန်မာပြည်နှင့် မြန်မာလူမျိုးတို့၏ကိစ္စဟူသရွေ့ကို စိတ်ဝင်စားစွာလေ့လာခဲ့ကြ၏။ သို့နှင့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုလိုက်သောအခါ ကန့်ကွက်၍မရသော ထိုရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တစ်နည်းနည်းဖြင့်တိုက်ဖျက်ရန် ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်တွင် ရွှေတိဂုံစေတီကုန်းတော်ပေါ်သို့သွားရောက်ပြီး ဆွေးနွေးတိုင်ပင်ကြ၏။

ကျောင်းသားကြီး ၁၁ ဦးမှာ ဘီအက်စ်စီအထက်တန်းမှ ကိုဘရှင်(သံတွဲ)၊ ကေညီပိတ်၊ ကိုဘိုးကွန်း၊ ကိုမောင်အေး၊ ကိုလှတင်နှင့်အိုင်အေအထက်တန်းမှ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်(ထားဝယ်)၊ ကိုဘခင်၊ ကိုအောင်ဒင်၊ ကိုဘဦးတို့ဖြစ်သည်။ ၎င်းတို့သည် တက္ကသိုလ်ပင်ရှိလင့်ကစား ကျောင်းသားမရှိလျှင် အချည်းနှီးတည်းဟု ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုကန့်ကွက်သည့်အနေဖြင့် ကောလိပ်ကျောင်းနှစ်ကျောင်းကို သပိတ်မှောက်ကြရန်နှင့် ဒီဇင်ဘာ ၄ ရက်တွင် ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကျောင်းသားပေါင်းစုံ အစည်းအဝေးတစ်ခုခေါ်၍ သပိတ်မှောက်မည့်အကြောင်း တင်ပြဆုံးဖြတ်မှုတို့ကို ရွှေတိဂုံစေတီ၌ ဆွေးနွေးဆုံးဖြတ်ကြလေသည်။

> **❖ ကိုဘဦးကို ဆော်ဩသူအဖြစ် ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကိုယ်စားလှယ်များပါဝင်သည့် ၂၆ ဦးကော်မတီက ရွေးချယ်ခန့်အပ်ကာ လွှဲအပ်လိုက်လေသည်။ ထို ၂၆ ဦးကော်မတီသည် ဒီဇင်ဘာ ၅ ရက်တွင် စည်းဝေးကြ၏။ ထိုအစည်းအဝေး၌ မူလက ဒီဇင်ဘာ ၇ ရက်တွင် သပိတ်မှောက်မည်ဟုဆုံးဖြတ်ခဲ့သော်လည်း ထိုနေ့ထိ စောင့်ဆိုင်းရန်မဖြစ်နိုင်သောအကြောင်း ပေါ်ပေါက်လာပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျောင်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြရ၏။ ❖**

ကျောင်းသားပေါင်းစုံအစည်းအဝေးကို ဆုံးဖြတ်ချက်အတိုင်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ဆရာတော် ဦးအရိယကျောင်း၌ ကျင်းပသည်။ ကျောင်းသား ၄၀၀ ခန့်တက်ကြ၏။ ထိုအစည်းအဝေး၏ဆုံးဖြတ်ချက်များကို ကန့်ကွက်သူမရှိ အားလုံးသဘောတူချမှတ်ခဲ့ကြ၏။

၁။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် မြန်မာပြည်လက်အောက်ဘုရင်ခံ ရန်ကုန်ကောလိပ်ကျောင်းသို့လာရောက်ပြီး မြန်မာပြည်တွင် ရန်ကုန်တက္ကသိုလ်ဖွင့်ပြီးကြောင်း ကြေညာသောအခါ ကောလိပ်ကျောင်းနှစ်ကျောင်းရှိ ကျောင်းသားကြီးတို့သည် မိမိတို့စာအုပ်များကိုပိုက်၍ ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီဟု အော်ဟစ်ကာ ကျောင်းများမှ ထွက်လာကြရန်။

၂။ ထိုသို့သပိတ်မှောက်ပြီးမှ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို မြန်မာများအထက်တန်းပညာသင်ကြားရေးအတွက် နစ်နာချုပ်ချယ်သည်ဆိုသောအချက်များကိုပြုပြင်ပေးရန် အင်္ဂလိပ်ဗျူရိုကရက်အစိုးရသို့ အရေးဆိုရန်နှင့်

၃။ ပြုပြင်ပေးရန်တောင်းဆိုသော အချက်များကို ပြုပြင်၍မပေးသမျှ ကာလပတ်လုံး ကျောင်းပြန်၍ မတက်ရန်

စသောဆုံးဖြတ်ချက်များကို ချမှတ်ခဲ့၏။

ကိုဘဦးကို ဆော်ဩသူအဖြစ် ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကိုယ်စားလှယ်များပါဝင်သည့် ၂၆ ဦးကော်မတီက ရွေးချယ်ခန့်အပ်ကာ လွှဲအပ်လိုက်လေသည်။ ထို ၂၆ ဦးကော်မတီသည် ဒီဇင်ဘာ ၅ ရက်တွင် စည်းဝေးကြ၏။ ထိုအစည်းအဝေး၌ မူလက ဒီဇင်ဘာ ၇ ရက်တွင် သပိတ်မှောက်မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ထိုနေ့ထိစောင့်ဆိုင်းရန်မဖြစ်နိုင်သော အကြောင်းပေါ်ပေါက်လာပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျောင်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြရ၏။

**သပိတ်မှောက်ရသည့်အကြောင်း**

၁။ မြန်မာပြည်တွင် ထိုတက္ကသိုလ်တစ်ခုတည်းသာ ရှိရမည်။ ထိုတက္ကသိုလ်လက်အောက်တွင်လည်း ကောလိပ်ကျောင်းတစ်ကျောင်းတည်းသာရှိရမည်။

၂။ ထိုတစ်ကျောင်းတည်းသောကောလိပ်သည် ရန်ကုန်တွင် ရှိရမည်။

၃။ ထိုကောလိပ်ကျောင်းတွင် စာသင်လိုသော ကျောင်းသားများသည်ကျောင်းအိပ်ကျောင်းစားအဖြစ် နေရမည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲမထားဘဲ အစိုးရက ပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ၁၀ တန်းစာမေးပွဲကို အောင်ရမည်။ သို့ရာတွင် အောင်သောသူများမှာ တက္ကသိုလ်သို့ဝင်ခွင့်ရရန် အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုတွင် ထူးချွန်တတ်မြောက်၍ အောင်မြင်ရမည်။

၅။ ၁၀ တန်းအောင်၍ တက္ကသိုလ်ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်း စ၍မသင်ရသေးဘဲ ထိုတက္ကသိုလ်ပညာရပ်များကို ကောင်းစွာလိုက်နာနိုင်ရန်အတွက် Preliminary Class ခေါ် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေရဦးမည်။

၆။ ထိုပြင်ဆင်မှုအတိုင်းပင် တစ်နှစ်နေသော်လည်း နှစ်ကုန်သည့်အခါ တက္ကသိုလ်ပညာများကို လိုက်နာရန်အရည်အချင်းမရှိသေးဟုဆိုလျှင် တက္ကသိုလ်ပညာများကို ဆက်လက်သင်ခွင့်ရပေဦးမည်မဟုတ်သေး။

၇။ ရေးဖြေစာမေးပွဲများအပြင် နှုတ်တိုက်ဖြေဆိုရမည့်စာမေးပွဲများလည်း ရှိသေးသည်။

၈။ သိပ္ပံတန်းကိုအောင်ပြီး ဝိဇ္ဇာတန်းကိုဂုဏ်ထူးနှင့်အောင်သောသူများမှသာ မဟာဝိဇ္ဇာဘွဲ့စာမေးပွဲ ဝင်ရောက်ဖြေဆိုနိုင်ခွင့်ရှိသည်။ ဝိဇ္ဇာဘွဲ့ရိုးရိုးအောင်ရုံမျှနှင့် မဟာဝိဇ္ဇာဘွဲ့စာမေးပွဲမဝင်နိုင်။

၉။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းစာမေးပွဲကို သိပ္ပံတန်းအောင်ပြီး သုံးနှစ်ကြာမှ ဝင်ရမည်။

၁၀။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းကို တစ်ခါဝင်ရောက်ဖြေဆို၍ မအောင်မြင်လျှင် နောက်ထပ် မဝင်နိုင်တော့ချေ။

ဤအချက် ၁၀ ချက်အရ သပိတ်မှောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်လိုက်ကြသည်။ အမျိုးသားပညာရေးကောင်စီ ပေါ်ပေါက်လာကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားကျောင်းများပေါ်ထွန်းလာခဲ့သည်။ ၁၉၂၀ ပြည့်နှစ် သပိတ်ကြောင့် ပညာရေးအမြတ်များထွက်ပေါ်လာရုံမက ပြည်သူလူထုတွင်လည်း နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးစိတ်ဓာတ်များ အပြင်းအထန်ပေါ်ပေါက်လာခဲ့လေသည်။ ထိုသို့တက္ကသိုလ်ကျောင်းသားများ စတင်သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ဟုသတ်မှတ်ခဲ့ရာ ယခုအခါ အမျိုးသားအောင်ပွဲနေ့ဟူ၍ မြန်မာနိုင်ငံတစ်ဝန်း နှစ်စဉ်အထိမ်းအမှတ်ပွဲကို ကျင်းပကြသည်။

**ကိုးကား**

- မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း-ဖိုးအောင်လေး

ဝတ္ထုတိုကဏ္ဍ

# ကွင်းပိုင်ကြီးရဲ့ ငါးတဲ့လား

**မောင်မြင့်မိုး**



၂၅-၁၁-၂၀၂၄မှ အဆက်

ထိုအခိုက် စွန်ရဲတစ်ကောင်သည် အထက်ကောင်းကင်ပြင်ဝယ် ပျံဝဲလျက်ရှိရာမှ အတောင်နှစ်ဖက်ကိုစုကာ အရှိန်ဖြင့်ထိုးဆင်းလာလေရာ ထိန်ပင်ကြီးပေါ်တွင်နားနေကြသော ငှက်ပေါင်းစုံတို့သည် ဝုန်းခနဲ ကြောက်လန့်တကြား ထပျံကြလေရာ ဖိုးနီသည် ရုတ်တရက်လန့်ကာ ဆံပင်မွေးညင်းများပင် ထောင်ထလာလေ၏။ ငှက်တို့၏ ရုတ်ရုတ်သဲသဲအသံကြောင့် မောမောနှင့်တမံဘေး မြက်ခင်းစပ်တွင် ပက်လက်လှန်နေသည့် သာအောင်သည် ဆတ်ခနဲထထိုင်ကာ "အဖေ အဖေ ဘာဖြစ်တာလဲဗျ" ဟု အမောတကောလေသံဖြင့်မေးလိုက်၏။

ဖိုးနီသည် သားဖြစ်သူ၏အမေးကို ပြန်မဖြေအားပါ။ ပါးစပ်တွင်တပ်ထားသော မီးမရှိသည့် ဆေးပေ့ါလိပ်တိုကိုသာ ပြုတ်ထွက်မတတ်ကိုက်ရင်း နားစွင့်ထား၏။ သူ၏လက်တစ်ဖက်ဖြင့်လည်း သားဖြစ်သူကို အသာနေ၊ တိတ်တိတ်နေဟူသော သဘောဖြင့် အချက်ပြလိုက်၏။

ဟုတ်ပါသည်။ အသံတစ်သံထွက်ပေါ်နေပါ၏။ ခပ်သဲ့သဲ့သာကြားနေရသော်လည်း လိုဏ်သံပေါက်နေသည်။ "ဂလုံ ဂလုံ ဗွမ်း ဗွမ်း" ဟူသောအသံကြီးသည် မှန်မှန်ကြီးထွက်ပေါ်နေပါ၏။

မကြာမီပင် သာအောင်သည် ငြိမ်သက်လျက်ရှိရာမှ ထိုအသံကြီးကို ကြားသွားဟန်ဖြင့် ကသုတ်ကရက် မတ်တတ်ရပ်ကာလက်ထဲတွင် ခေါက်ကို တင်းတင်းဆုပ်ထားရင် "အဖေ ဘာသံကြီးလဲဗျ၊ တမံထဲက ငါးတွေကော တစ်ကောင်မှမရှိတော့ပါလား။ ဘယ်ရောက်သွားကုန်လဲ" ဟု မေးရိုက်သံကြီးဖြင့် တုန်ယင်စွာမေးလေ၏။ မေးလည်းမေးချင်စရာပေ၊ စောစောပိုင်းက ပွက်လောရိုက်အောင် ဆူညံခုန်ပေါက်နေသောငါးတို့သည် ယခုမရှိတော့ပြီ။ မိမိတို့သားအဖမျှော်လင့်ချက်ကြီးကြီးဖြင့် အပင်ပန်းခံထားခဲ့လေသမျှ သဲရေကျဖြစ်ခဲ့ပြီမဟုတ်လား။

ငါးတစ်ကောင်မှမရဘဲ သည်အတိုင်းသာ လက်ချည်းဗလာ အိမ်ပြန်သွားရပါကမည်သို့ ပြောပြရမည်နည်း။ အဖြစ်မှန်ကိုပြောပြပါကလည်း ဇနီးသည်မကျင်ငွေနှင့် ရွာသားများသည် မိမိတို့သားအဖကိုသာ အပြစ်တင်ကြလေမည်သာ။ မသွားသင့် မသွားထိုက်တဲ့နေရာမသွားပါနဲ့လို့ အတန်တန်တားဆီးခဲ့သည့်နေရာကိုသွားကြတဲ့ သားအဖဘယ်နှယ့်ရှိစ၊ အခုတော့သိပြီ မဟုတ်လား။ ကွင်းပိုင်ကြီးရဲ့ ငါးပုစွန်တွေကိုများ ရမယ်မှတ်လို့ သွားလုပ်ကြတာ။အခုတော့ဘယ်လိုလဲ၊ရေလည်းခန်း၊ငါးလည်း ပျောက်ဖြစ်ပြီမဟုတ်လား။ အသက်နဲ့ကိုယ်မြဲပြီး ပြန်လာရတာကိုပဲ ကံကောင်းလှပြီမှတ်ဟု ကဲ့ရဲ့ပြစ်တင်ခြင်းခံရလေမည်သာ။ ကဲ ဘယ်လိုလုပ်ရပါ့မလဲ။

စဉ်းစားရင်း စဉ်းစားရင်း ဖိုးနီ၏ခေါင်းထဲသို့ အတွေးတစ်ခု လက်ခနဲပေါ်ပေါက်လာခဲ့လေ၏။

"သားဘာမှမကြောက်နဲ့ အဖေတစ်ယောက်လုံးရှိတယ်။ သေစရာရှိသားရှေ့က အဖေခံသွားမယ်။ ယောကျ်ားပဲကွာ ဘာမှကြောက်စရာမရှိဘူး၊ မင်းလက်ထဲကခေါး အဖေ့ကိုပေးစမ်း" ဟု ပြောကာ သာအောင်လှမ်းပေးသော ခေါးကိုယူကာလက်နှစ်ဖက်ဖြင့်စုံကိုင်၍ တစ်လှမ်းချင်းရေသံမကြားအောင် ထိန်ပင်ကြီး ခြေရင်းသို့သွားလေပြီ။

ရှံ့နှံ့တို့သည် ဒူးဆစ်ခန့်မျှနစ်ဝင်လျက်ရှိရာ ခြေတစ်လှမ်းနှင့်ခြေတစ်လှမ်း အတော်အားစိုက်ကာ နှုတ်၍၊ နှုတ်၍လှမ်းနေရ၏။ "ဂလုံ ဂလုံ ဗွမ်း ဗွမ်း" ဟူသော လိုဏ်သံပေါက်နေသည့် အသံကြီးသည် ထိန်ပင်ကြီးခြေရင်း ရိုးချောင်းအစပ်မှ မှန်မှန်ကြီးထွက်ပေါ်လျက်ရှိ၏။ နီးလာလေလေ ကျယ်လာလေလေဖြစ်၏။ တစ်ခါတစ်ခါ ပျောက်သွားပြီး တစ်ဖန်တစ်ဖန် ပြန်၍ပြန်၍ပေါ်လာပြန်၏။

ဖိုးနီသည်သတိကြီးစွာထားရင်း တရွေ့ရွေ့လှမ်းလာခဲ့ကာ အသံထွက်ပေါ်လာရာ ထိန်ပင်ခြေရင်းရှိ ရိုးချောင်းအစပ်သို့ပင်ရောက်လာခဲ့ပြီ။ ထိန်ပင်ခြေရင်းအစပ်တွင် ကျူပင်၊ကိုင်းပင်များ၊ ကိုရုံကြီးပင်များ ထူထပ်စွာပေါက်ရောက် အုပ်ဆိုင်းကာအတွင်းပိုင်းသည်မှောင်လျက်ရှိ၏။ နေရောင်ခြည်သည်လည်း အထက်မှ အုပ်မိုးထားသောထိန်ပင်ကြီး၏ ထူထပ်သိပ်သည်းသော အခက်အရွက်များကို ထိုးဖောက်နိုင်ခြင်းမရှိ။ အသံကြီးကတော့ ထိုနေရာမှ ပင်ထွက်ပေါ်နေဆဲဖြစ်၏။

ဖိုးနီသည်စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပြီး ညာလက်မှခေါးကို အဆင်သင့်ခုတ်ပိုင်းရန်အသင့် ပြင်ထားပြီး ဘယ်လက်ဖြင့် ကွယ်နေသောကိုင်းပင်များကို အသာဖြဲ၍ ကြည့်လိုက်ရာမြင်တွေ့ရသောမြင်ကွင်းကြောင့် အံ့အားသင့်ခြင်း၊ မယုံကြည်နိုင်ခြင်းတို့ ပေါင်းစပ်ကာ 'ဟာ' ခနဲ အသံပင်ထွက်သွားရတော့သည်။

ပြီးမှ "သားကြီးရေ သားကြီးမြန်မြန်လာပါဟေ့၊ မြွေရေခွံအိတ်တွေ လက်ဆွဲသံပုံးတွေ မြန်မြန်ယူခဲ့ဟေ့" ဟု ဝမ်းသာအားရတုန်ယင်သောအသံကြီးဖြင့် လှမ်းခေါ်လေရာသားဖြစ်သူသာအောင်က–

"ဘာလဲ အဖေ ဘာလဲ၊ ဘာတွေ့လို့လဲ" ဟု ကြောက်ရွံ့စိုးရိမ်စွာဖြင့် တမံစပ်တွင်ရပ်ကာ ဖခင်ဖြစ်သူထံ လှမ်းကြည့်၍မေးလေသည်။

စိတ်မရှည်တော့သောဖိုးနီက "ငါးတွေကွ ငါးတွေ၊ ငါတို့ပွပြီကွ သားရ ငါတို့ ပွပြီ၊ အဖေတို့လှူနိုင်ပြီကွ။ တန်းနိုင်ပြီကွ။ မြန်မြန်သာလာခဲ့တော့ဟေ့" ဟုထပ်၍ အော်လေရာ သာအောင်သည်ပစ္စည်းများကိုထမ်းကာ ဖခင်ဖြစ်သူထံ အမြန်သွားလေတော့၏။

ဖိုးနီတို့၏အိမ်ရှေ့ရှိ ဝါးကွပ်ပျစ်ကလေးပေါ်တွင် လူစုံနေပြီ။ တစ်ချိန်လုံး အိပ်ရာထဲလဲနေခဲ့သော တရှောင်ရှောင်ဖြစ်နေခဲ့သော မကျင်ငွေ တစ်ယောက်လည်း သရက်ပင်ခြေရင်းနားရှိ မြေကျင်းတူး၍ ပြုလုပ်ထားသောမီးဖိုတွင် ရေနွေးအိုး မီးထိုးလိုက်၊ ရေနွေးဖြည့်ပေးလိုက်၊ ငါးဖျင်းသလက်ခြောက်ကလေးဆီပူထိုးနှင့် ကောက်ညှင်းပေါင်းစားရင်း စကားကောင်းနေကြသော ဖိုးနီတို့အုပ်စုအတွက် မအားရအောင်အလုပ်ရှုပ်လျက်ရှိ၏။

သူ့ကျန်းမာရေး တော်တော်ကလေး ထူထူထောင်ထောင်ဖြစ်နေလေပြီ။ စိတ်သည်လောကကြီးကိုဦးဆောင်သည်ဟူသောစကားသည်မှန်ပေစွ၊ စီးပွားရေးအဆင်မပြေ၍စားဝတ်နေရေးချို့တဲ့ကြရ၊ စားဝတ်နေရေး ချို့တဲ့ပြန်တော့ ကျန်းမာရေးမကောင်းနိုင်၊ ကျန်းမာရေးမကောင်းတော့စိတ်ဆင်းရဲ၊ စိတ်ညစ်။ ထိုစိတ်ကြောင့်ပင် လူမှာထွေပြားသောရောဂါတွေရလာပြန်၊ ချာလည်လိုက်နေတော့၏။

ယခုတော့စီးပွားရေးကလည်း အဆင်ပြေလာ။ ချစ်စွာသော သားနှစ်ယောက်ကိုလည်း သူ့ဆန္ဒအတိုင်း ရှင်ပြုပေးနိုင်တော့မည်ဟူသော အသိတို့ကြောင့် အိပ်ရာထက်က ထနိုင်ပြီ၊ သွားလာလှုပ်ရှားနိုင်ပြီ၊ စိတ်ချမ်းသာနေပြီဖြစ်တော့၏။

"နေစမ်းပါအုံး ဖိုးနီရဲ့ တစ်ခုတော့မေးစမ်းပါရစေ။ မင်းထိန်ပင်ရိုးချောင်းမှာ အိုင်သွားပက်တုန်းကတွေ့ခဲ့၊ ကြုံခဲ့ရတာလေးတွေကိုတို့ကိုလဲ ပြန်ပြောစမ်းပါအုံးကွ"ဟု ရွာဆော်ကြီးကမေးလေရာ–

"ဟုတ်တယ် အဘဟုတ်တယ်၊ ဘယ်သူမှမသွားရဲတဲ့နေရာကို သူမို့ သွားရဲတယ်၊ ပြီးတော့အိုင်ပက်လို့ ရေလဲခန်းရော၊ ငါးလဲ တစ်ကောင်မှမရှိတော့ဘူး။ အဲသည်အချိန်မှာပဲ ထိန်ပင်ကြီးဆီက ဂလုံ ဂလုံ ဗွမ်း ဗွမ်း ဆိုတဲ့ အသံကြီးကလဲ ပေါ်လာ ကျွန်တော်သာဆိုတစ်ခါတည်းတန်းအပြေးပဲဗျာ" ဟု ကာလသားခေါင်း ကိုခွေးကဝင်ထောက်လိုက်ရာ ကွပ်ပျစ်ပေါ် ဝိုင်းထိုင်နေကြသော ရွာသားတစ်စုတို့က ဝါးခနဲ ရယ်လိုက်ကြရင်း တစ်ယောက်က–

"ဟုတ်တယ်ကွ ဖိုးနီ။ ငါတို့ဆိုလဲ ထွက်ပြေးမိမှာအမှန်ပဲ။ အဲဒါ မင်းက ဘယ်လိုများစဉ်းစားမိပြီး မကြောက်မရွံ့ ငါးထူးတွင်းကြီးကို တွေ့အောင်ရှာလာတာလဲ၊ ရှင်းပြစမ်းပါအုံးကွာ" ဟုဝင်မေးလိုက်ပြန်၏။

ဖိုးနီသည်သူ့စွဲစွဲမြဲမြဲသောက်နေကျ ဝါးစိမ်းနီဆေးပေ့ါလိပ်ကိုမီးညှိစေရန် လှည့်ကာ၊ လှည့်ကာ မီးခြစ် နှင့်ညှိရင်း အားရပါးရဖွာလိုက်ပြီးမှ။

"ဒါကတော့ဒီလိုရှိတယ်ဗျ။ ကျွန်တော်က သူများပြောတိုင်း အလွယ်တကူ ယုံတတ်တဲ့သူမဟုတ်ဘူး။ ဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာ ကိုယ်ကိုယ်တိုင် စဉ်းစားတွေးခေါ်ပြီးမှ လက်ခံတတ်တယ်ဆိုတာ ခင်ဗျားတို့လဲ အသိသားမဟုတ်လား။ ပြီးတော့ မြင်လဲမမြင်ရ၊ တွေ့လဲမတွေ့ရဘဲနဲ့ သူများပြောတိုင်း တအားယုံပြီး ကြောက်တတ်တဲ့သူလဲ မဟုတ်ဘူး၊ နောက်တစ်ခုကတော့ဗဟုသုတပေ့ါဗျာ၊ ကိုယ်တိုင်မတွေ့ဖူးမကြုံဖူးပေမဲ့လဲ စာဖတ်ရင်းဖြစ်ဖြစ် အတွေ့အကြုံ ရင့်ကျက်တဲ့သူတွေကပြောတာပဲဖြစ်ဖြစ် မှတ်သားထားမိတဲ့အကျိုးလို့ဆိုရမယ်ဗျ" ဟုပြောရင်း ရေနွေးကြမ်းတစ်ငုံသောက်လိုက်သည်။

"ရွာလယ်ပိုင်းက ကွန်ပစ်နေတဲ့ ဘကြီးအောင်ညွန့်တစ်ခါက ပြောဖူးတယ်ဗျ၊ သူကအိမ်မဲကျောင်းကုန်းဘက်ကလေ၊ နောက်မှ ကျွန်တော်တို့ရွာက အရီးဒေါ်အေးကြည်နဲ့ရပြီးမှ ကျွန်တော်တို့ရွာသားဖြစ်လာတာ" သူတို့ဘက်က အင်းချောင်းတွေ ရိုးချောင်းတွေမှာ တွေ့ခဲ့ကြုံခဲ့ဖူး တယ်လို့ဆိုတယ်။ နွေဘက်ရောက်လာပြီဆိုရင် ရေကတစ်စတစ်စ ခန်းခန်းလာတဲ့အခါ ချောင်းမကြီး ထဲကိုဆင်းမသွားနိုင်တဲ့ ကျန်ခဲ့တဲ့ငါးတွေဟာ သူတို့ ဘဝပေးအသိနဲ့ သူတို့အသက်ရှင်ရေးအတွက်ဖန်တီးကြရတယ်။ အိုင်ဒါမှမဟုတ် ရိုးချောင်းရဲ့အနိမ့်ဆုံးအပိုင်း ခိုအောင်းစရာချုံတွေ၊ သစ်ပင်ကြီးတွေ၊ ကမ်းပါးပြတ်စတဲ့ အရိပ်အာဝါသကောင်းပြီး ရေလုံးဝမခန်းခြောက်နိုင်တဲ့နေရာကိုရွေးကြတယ်။ အဲဒီနေရာမျိုးမှာရှိတတ်တဲ့ ကလိုင်ပေါက်ကြီးကြီးတစ်ခုကိုရှာပြီး တစ်နွေလုံး ခိုအောင်းနေတတ်ကြတယ်လို့ဆိုတယ်။ အဲသလိုကျင်းကလိုင်ကြီးတွေထဲ ခိုအောင်းကြတဲ့ နေရာမှာလဲ အမျိုးတူရာတူရာဆိုသလိုခွဲခြားပြီး နေတတ်ကြတယ်။ ရိုးချောင်းရဲ့ အနိမ့်ဆုံးနေရာလဲဖြစ်၊ အပေါ်က အရိပ်အာဝါသကလဲရှိတော့ ရေလုံးဝခန်းခြောက်သွားခြင်းမရှိဘဲ ရေစပ်စပ်အမြဲရှိနေတတ်တဲ့နေရာမျိုးပေ့ါဗျာ"

ဤတွင်ဘကြီးသာကျော်ကစိတ်မရှည်တော့ဘဲ "အေး အဲဒါတွေ ထားပါတော့။ ငါသိချင်တာကမင်းဘယ်လိုရှာတွေ့တာလဲဆိုတာသာ မြန်မြန်ပြောကွာ" ဟုဆိုရင်း ရေနွေးကြမ်းအိုးကို မလိုက်ရာကုန်နေသဖြင့် "ကျင်ငွေရေ ရေနွေးဟေ့"ဟု အော်လိုက်၏။

"ပြောမှာပေ့ါဘကြီးရာ ဖြည်းဖြည်းပြောပါရစေ။ ဒါမှလဲ ဘကြီးတို့ သက်ငယ်စကားသက်ကြီးကြားဆိုသလိုမှတ်ရတာပေ့ါ"ဟုဆိုလိုက်ရာ အားလုံးဝါးခနဲရယ်လိုက်ကြပြန်၏။

"စောစောကပြောခဲ့သလိုပေ့ါဗျာ။ ရေလဲခန်း ငါးလဲပျောက်ဖြစ်လို့ စိတ်ထဲမှာဇဝေဇဝါဖြစ်တုန်း ထိန်ပင်ကြီးရဲ့အမြစ်ခြေအိုင်စပ်လောက်ဆီက ဂလုံ ဂလုံ ဗွမ်း ဗွမ်း ဆိုတဲ့လိုင်သံပေါက်နေတဲ့ အသံကြီးကြားလိုက်ရတော့ ကျုပ်ဖြင့်ကြက်သီးမွေးညင်းတွေ ထောင်ထပြီးခေါင်းလဲ ပုတ်လောက်ကြီးသွားတယ်ထင်ရတယ်။ ဒါပေမဲ့ ကျုပ်ကဖအေဖြစ်ပြီး

စာမျက်နှာ ၂၅ သို့ ➤

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၈၅၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၈၅၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲကေ ၅၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၅၆ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲကေ ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ဖို့ လျာထားပါတယ်။ ဒီနေ့ထိကေ ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီ အောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှု အနေနဲ့ အောင်မြင်ဖြစ်ထွန်းနေပြီး တစ်နှစ် ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများ နှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကလျှင် တင်း၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် မြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက် ပေးလျက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်အိအိခိုင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ပြီးယနေ့ထိ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင်၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ မှ ၅၅၀၀၀ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီနှစ် ဟသ်ာတမြို့နယ်မှာ စားတော်ပဲက အရင်ထက်



တော်တော်လေး အရောင်းအဝယ် ကောင်းနေပါတယ်။ ပြည်တွင်း စားသုံးမှု အားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းလာတာပါ" ဟုဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် စားတော်ပဲများကို ဝယ်ယူမည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၅၂၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

ကြောက်ပြနေရင် ကျုပ်သားလေး ဒုက္ခရောက်ရချည်ရဲ့ဆိုတဲ့ဖခင်စိတ်နဲ့အားတင်းနေရတုန်း ကျုပ်ကိုပြောပြခဲ့ဖူးတဲ့ ဘကြီးအောင်ညွန့်ရဲ့စကားကို သွားသတိရတာကိုး။ အဲဒါနဲ့ပဲ ကြောက်ကြောက်နဲ့ အသံထွက်လာတဲ့နေရာကို သွားရတော့တာပဲ။ ချုံတော အစပ်လဲရောက်ရော ကိုင်းပင်လေးတွေအသာဖယ်ပြီး ကြည့်လိုက်တော့ ရာဝင်အိုးနှစ်လုံး၊ သုံးလုံးစာလောက်ရှိတဲ့ ကလိုင်ကြီးထဲမှာဗျာ၊ ငါးတွေဟာလုံးထွေးပြည့်သိပ်နေတာ တွေ့ရတော့တာပါပဲ။ သဘာဝအတိုင်း တဖြည်းဖြည်းရေခန်းတာမဟုတ်ဘဲ ကျုပ်တို့ပက်ထုတ်လိုက်လို့ ရုတ်တရက်ခန်းသွားတာဆိုတော့ အနှစ်နှစ်အလလက လူသူ ဖမ်းဆီးတာမခံခဲ့ရတဲ့ ငါးမျိုးစုံတွေဟာ နီးစပ်ရာ ကလိုင်ကျင်းကြီးထဲစုပြီး အလုအယက်ဝင်ကြတော့တာပေ့ါ။ အဲဒီမှာအဆိပ်ရှိတဲ့ငါးကျည်းလိုငါးတွေရော၊ ဆူးတောင်တွေပေါတဲ့ ငါးခူ၊ ငါးစင်ရိုင်း စတာတွေနဲ့ ငါးဖယ်တို့၊ ငါးရံ့တို့၊ ငါးပတ်တို့စတဲ့ငါးတွေဟာ ကျင်းတစ်ခုထဲမှာ လုံးထွေးပွတ်သိပ်နေတော့ ခုန်တတ်တဲ့ငါးမျိုးတွေက ထထပြီး လန့်အခုန် တွင်းပေါက်ကကျဉ်းတော့ အပြင်မရောက်ဘဲပြန်ကျ၊ ထပ်ခုန်ပြန်ကျနဲ့ ဂလုံ ဂလုံ ဗွမ်း ဗွမ်းဆိုတဲ့ အသံတွေကြားရတော့တာပေ့ါဗျာ။ ဒါလောက်များတဲ့ ငါးတွေကိုရေဆွဲတဲ့ သံပုံးနဲ့ခပ်ခပ်ပြီးယူလိုက်ရတာ။ ခင်ဗျားတို့ သိတဲ့အတိုင်း လှည်းနှစ်စီးတိုက်လောက်ရတော့တာပဲ။ ဒါကြောင့်လဲ အခုလိုသားနှစ်ယောက်ကို ရှင်ပြုဖို့စီစဉ်နိုင်တော့တာပါပဲ" ဟုစကားလက်စသတ်လေရာ စိတ်ပါဝင်စားစွာ ငေးမောနား စိုက်နေကြသော ရွာသားတစ်စုတို့မှာ အခုမှ အလုံးကြီးကျသွားလျက်။

''ဒါဆိုရင် ဖိုးနီရေ မင်းနောက်တစ်ခါ ထိန်ပင်ရိုးကို ငါးပက်သွားရင် ငါတို့ကိုလဲ ခေါ်ပါကွာနော်" ဟု တစ်ယောက်တစ်ပေါက် ပြောကြလေ၏။ ယခင်ကသွားရန်သေမလောက်ကြောက်သောနေရာသို့ ယခုအခါ သူ့ထက်ငါ စိတ်ဝင်စားလျက်ရှိကြလေပြီး လူပြော၊ သူပြောနှင့် တောရမ်းမယ်ဖွဲ့ ဇာတ်လမ်းများသည် အခိပ္ပာယ်မရှိကြောင်း သူတို့ သိကြလေပြီ။

ဖိုးနီသည်ကျေနပ်စွာပြုံးလိုက်ရင်း-

"ဒါပေ့ါဗျာ ဒါပေ့ါ။ ခင်ဗျားတို့ကိုခေါ်ရမှာပေ့ါ။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ဘဝတူတွေပါပဲ။ ပင်လယ်ရေကို တစ်ယောက်တည်းသောက်လို့ မကုန်နိုင်သလို တစ်မိုင်ကျော်နှစ်မိုင် လောက်ရှည်တဲ့ ထိန်ပင်ရိုးချောင်းကြီးကို ကျုပ်တို့တစ်တွေ တစ်ပိုင်၊ တစ်နိုင်ကန့်ကန့်ပြီး ပက်လိုက်ရရင် ရလိုက်မဲ့ ငါးတွေ၊ ပုစွန်တွေ ဘယ်နည်းပွဲမလဲ။ ကျုပ် မပါလဲ ခင်ဗျားတို့ဘာသာသွားပက်ကြပေတော့" ဟု ပြောလိုက်ရာ-

''အေးကွာ တို့တစ်တွေ သူများပြောစကားတွေကိုယုံပြီး မကြောက်သင့်တာကိုကြောက်၊ လုပ်သင့်တာကိုမလုပ်ဘဲနေလာခဲ့ကြတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ အခုတော့တို့ရွာသားတွေအတွက် မင်းကစံပြအဖြစ်လုပ်ပြလိုက်တော့ ကျေးဇူးတင်တယ် ဖိုးနီရေ၊ ကျေးဇူးတင်တယ်ကွ။ တို့တစ်တွေ အခုမှ မျက်စိလဲပွင့်၊ အမြင်မှန်လဲရလာကြပါပြီကွာ"ဟု ဘကြီးသာကျော်ကပြောလေရာ ကျန်ရွာသားများကပါ-

"ဟုတ်တယ်ဖိုးနီရေ၊ တို့လဲ အမြန်ဆုံးသွားပြီး ပက်မှဖြစ်မယ်။ ဒါမှတို့လဲ စီးပွားရေးအဆင်ပြေမှာ"ဟု ထောက်ခံရင်း အားရဝမ်းသာပြန်သွားကြလေရာ ကွပ်ပျစ်ပေါ်တွင် ဖိုးနီတစ်ယောက်တည်း ပြုံးပြုံးကြီးကျန်ခဲ့လေ၏။ သူ၏စိတ်ကူးထဲတွင်တော့ သားနှစ်ယောက်၏ ရှင်လောင်းလှည့်ပုံကိုသာ တွေးရင်း တွေးရင်း။

## အမျိုးသားအောင်ပွဲ ဆင်ကာနွဲ

\- တို့မြန်မာ ကျွန်သပေါက်
ကျရောက်ခဲ့ ချိန်ခါဝယ်၊
သူတစ်လူ ငါတစ်မင်း
ချစ်ခြင်းပျောက်ကွယ်၊
လွတ်လပ်ရေး ဆုံးရှုံးပြယ်
စာပေနယ် ပျောက်လုစဲ၊
ကျွန်သက်ရှည် ပညာရေးမို့
ဖြိုတွေးအားခဲ။

\- မပေါင်းပါ ဒီရင်ထဲ
အစဉ်အမြဲ ထင်ကျန်နေ၊
တို့စာပေ ကန့်သတ်ခဲ့
နယ်ချဲ့တစ်တွေ၊
(ထို့ကြောင့်ကွယ်...)
ကျောင်းသားများ လက်မခံပေ
တွန်းလှန်သလေ စွန့်စား၊
တစ်ထောင်နှစ်ရာ ရှစ်ဆယ့်နှစ်
ပြည်ချစ်ကျောင်းသား။

\- တို့ညီနောင် သွေးချင်းများ
အကြောက်တရား ကင်းသနော်၊
အဟုတ်မခံ သခင်စိတ်မို့
သပိတ်မှောက်ဖော်၊
တန်ဆောင်မုန်း လပြည့်ကျော်
ဆယ်ရက်ခေါ် အမျိုးသားနေ့၊
ပန္နက်ခိုင် အောင်စည်မောင်းနှင့်
အောင်ကြောင်းမမေ့။

\- သမိုင်းတွင် မြန်မာဟေ့
စိုက်မျိုးစေ့ ရှင်သန်လာ၊
ကိုလိုနီ ခေတ်အစုတ်
တိုက်ထုတ်ပစ်ကာ၊
စနစ်ဆိုးတဲ့ ကျွန်ပညာ
ခုချိန်ခါ ကင်းစင်ဝေး၊
မျိုးချစ်တွေ စုပေါင်းအားနှင့်
ကြိုးစားသည်လေး။

\- ဇာတိမာန် ဇာတိသွေး
လာမထိရေး စည်းလုံးမည်၊
ကျွန်ပညာ စနစ်ဟောင်းကိုလ
အသစ်ပြောင်းတည်၊
လွတ်လပ်သော တို့တိုင်းပြည်
သမိုင်းသည် ထည်ဝါလေ့၊
သစ္စာခိုင် စည်းမကျိုးအောင်ပ
နှစ်ကြာခိုင် ကမ္ပည်းထိုးပါတဲ့
အမျိုးသားနေ့။ ။

**စျာန်လေး(ပညာရေး)**

# လူနှင့်သမိုင်း

**မိုးရှင်း**

"Being entirely honest with oneself is a good exercise."

SIGMUND FREUD(1856–1939)

သက်ရှိသတ္တဝါတွေ အမျိုးပေါင်းများစွာရှိနေကြတဲ့ အထဲမှာ အချင်းချင်းစကားပြောတတ်တဲ့ ကျေးငှက်သာရကာ၊ ခြေလေးချောင်းသတ္တဝါတွေရှိကြပေမယ့် စာရေးတတ်တဲ့သူကတော့ လူသားတစ်မျိုးသာရှိပါတယ်နော်။ တော်တော်ကွဲပြားထူးခြားတဲ့အချက်ပါလား။ လူသားဟာ အချင်းချင်းဆက်သွယ်တုံ့လှယ်တဲ့ ဘာသာစကားဖော်ထုတ်အသုံးချတတ်လာတာရင့်ကျက်ဖွံ့ဖြိုးတာနဲ့အမျှ ထိုလူ့အဖွဲ့အစည်းဟာ ဘာသာစကားကျေးဇူးကြောင့် ယဉ်ကျေးမှုလူနေမှုအဆင့်အတန်းသိသိသာသာတိုးတက်လာခဲ့ပါတယ်။

ဘာသာစကားကို ရေးသားမှတ်ထားပြီး သားရေပြားဖြစ်စေ၊ ကျောက်သားပေါ်မှာဖြစ်စေ ဖော်ထုတ်အသုံးချတတ်လာတဲ့အခါမှာတော့ လူနေမှုဘဝဟာ ပိုမိုဖွံ့ဖြိုးလာပြန်ပါတယ်။ စက္ကူ၊ စာရွက်အသုံးချတတ်လာပြန်တော့ တစ်ဆင့်တက်ကာ ပိုပြီးဖွံ့ဖြိုးပြန်တယ်။ စာပုံနှိပ်စက်၊ စာအုပ်၊ စာကိုပုံနှိပ်ဖြန့်ဝေနိုင်တဲ့အဆင့်ရောက်တဲ့အခါမှာတော့ လူဟာ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး စသဖြင့် လူသားစွမ်းအား အားလုံးအသိဉာဏ်ပညာနဲ့တတ်မြောက်ကျွမ်းကျင်မှုအတတ်ပညာအမျိုးမျိုးကို သင်ကြားတတ်မြောက်ခြင်းမှာ အထောက်အကူရတာကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ရှစ်ထောင်၊ ငါးထောင်၊ နှစ်ထောင် စတဲ့ကာလတွေမှာ လူသားရဲ့အသိဉာဏ်အတွေးအခေါ်၊ အတွေ့အကြုံအပေါ် စာပေရဲ့မှတ်တမ်းတင်အသုံးချနိုင်ခြင်း အကျိုးကျေးဇူးက ပိုမိုကြီးမားတဲ့ပြောင်းလဲမှုတွေဖြစ်စေခဲ့ပါတော့တယ်။

မျောက်သာသာ၊ မျောက်ဝံ၊ လူဝံဘဝအဆင့်အတန်းမျိုးမှ နှစ်ပေါင်းသန်းနဲ့ချီပြီး သာမန်အရိုင်းအစိုင်းလိုသာနေထိုင်ခဲ့ကြတဲ့ လူသားဟာ**"စကား"**ရဲ့ ကောင်းကျိုး၊ **"စာပေ"**ရဲ့အကျိုးပြုမှုတို့ကြောင့် အဘက်ဘက်က ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့ကြတာ လူ့သမိုင်းမှာတွေ့မြင်ကြရပါမယ်။ အဝေးမြင်မှန်ဘီလူးနဲ့ချဲ့ပြီး ကြည့်ရှုလေ့လာရင်လည်းရတယ်။ လူမျိုးအလိုက်၊ ဒေသအလိုက်၊ ခေတ်အလိုက်၊ လူ့သမိုင်းကို အပိုင်းအကန့်ခွဲခြားပြီး အဏုကြည့်မှန်ဘီလူးနဲ့ လေ့လာသုံးသပ်ချင်ရင်လည်း ရတယ်။ လူ့သမိုင်းကိုလေ့လာနားလည်ခြင်းဟာ လူသားတိုင်းသိမြင်နားလည်သင့်ပါတယ်။

လူတိုင်းလူတိုင်းဟာ မိမိတည်ရှိနေတဲ့ ခေတ်သမိုင်းအချိန်နဲ့ နေရာတစ်ခုမှာ ရပ်တည်ပါဝင်နေပါတယ်။ မိမိဟာ ကောင်းတာကိုပြောပြော၊ ဆိုးတာကိုပြောပြော၊ ကောင်းတာကိုလုပ်လုပ်၊ ဆိုးတာကိုလုပ်လုပ်၊ မိမိရဲ့ကာယကံ၊ ဝစီကံပြုမူတဲ့အလုပ်ဟူသမျှဟာ ဘယ်လောက်ပဲကြီးကြီး၊ သေးသေး သမိုင်းအဖြစ်တော့ ကျန်ရစ်ခဲ့တာပါလား။ ဒီအချက်ကို နားလည်သဘောပေါက်ရပါမယ်။ ထမင်းစားတာ၊ ရေသောက်တာ၊ ကျင်ကြီး၊ ကျင်ငယ်စွန့်တာတွေ မပါပေမယ့် **စေတနာအဟုန်ကြီးရှယ်ချက် ထက်ထက်သန်သန်နဲ့ ကိုယ်လုပ်တဲ့အပြုအမူတစ်ရပ်ကတော့ သမိုင်းပဲ။**

**လူတိုင်းလူတိုင်း ကိုယ့်သမိုင်းကို ကိုယ်တိုင်ရေးနေကြတယ်။**

**Everyone is his own historian.**

**လူတစ်ယောက်ချင်းစီက ကိုယ့်ဘဝရဲ့သမိုင်းရေးဆရာတွေဖြစ်ပေတယ်။** ယခင်က သိချင်သိမယ်။ အရေးမကြီးပါဘူး ထင်ချင်ထင်ခဲ့မယ်။ သူသူငါငါ လူတကာတွေဟာ ကိုယ့်ဘဝကိုယ့်အခြေအနေအတွက် ကိုယ်တိုင်ဖန်တီးတဲ့သမိုင်းရေးသူတွေဖြစ်နေတာကို လေးနက်သင့်တယ်။ ထိုင်းနိုင်ငံက ဘယ်လိုတိုးတက်နေပြီ။ စင်ကာပူကလူတွေ ဘယ်လိုစည်းကမ်းလိုက်နာကြတယ်။ တရုတ်တို့၊ ဗီယက်နမ်တို့ဟာလည်း ၂၁ ရာစုအနှစ် ၂၀ ကျော်အချိန်အတွင်း ဘယ်လောက်တောင် လူနေမှုအဆင့်အတန်း ပြောင်းလဲသွားပြီဆိုတာ ဘေးဘယ်ညာကြည့်ရင်း မိမိကိုယ်ကိုလည်း ကိုယ်တိုင်ပြန်ကြည့်မိဖို့နဲ့ ငါဟာလည်း ကိုယ်တိုင်သမိုင်းရေးနေတာပဲကိုး လို့သိမြင်နားလည်ကြဖို့လိုပေတယ်။

ခေတ်ကာလ သမိုင်းကြောင်းတစ်လျှောက် သမိုင်းအချိုးအကွေ့တွေရဲ့ ပြောင်းလဲမှုမှာ ခေါင်းဆောင်သူလူတစ်ဦး သို့မဟုတ် ခေါင်းဆောင်တစ်စုရဲ့ အမြော်အမြင်နဲ့ စွမ်းရည်မြင့်မားမှုအရေးကြီးသလို ထိုလူ့အဖွဲ့အစည်းကြီးတစ်ခုလုံးမှာပါဝင်နေကြသူ လူအားလုံး(အားလုံးထဲက အများစု)ရဲ့

**❖ခေတ်ကာလသမိုင်းကြောင်းတစ်လျှောက် သမိုင်းအချိုးအကွေ့တွေရဲ့ပြောင်းလဲမှုမှာ ခေါင်းဆောင်သူလူတစ်ဦး သို့မဟုတ် ခေါင်းဆောင်တစ်စုရဲ့ အမြော်အမြင်နဲ့ စွမ်းရည်မြင့်မားမှုအရေးကြီးသလို ထိုလူ့အဖွဲ့အစည်းကြီးတစ်ခုလုံးမှာ ပါဝင်နေကြသူ လူအားလုံး(အားလုံးထဲက အများစု)ရဲ့ အသိအမြင်၊ အရည်အသွေး၊ ဆန္ဒထက်သန်မှု၊ လုံ့လဝီရိယ၊ ဇွဲသတ္တိဆိုတာတွေလည်း အရေးပါတာပါပဲ။ ပြည်သူ၊ ပြည်သူလို့ပြောနေကြတဲ့ လူစုလူဝေးကြီးမှာ ပါဝင်သူတစ်ဦးချင်းစီက ငါတို့ဟာ ဘာတွေကိုဖန်တီးနေကြတာလဲဆိုတာ သိကြဖို့ မလိုပေဘူးလားခင်ဗျာ။❖**

အသိအမြင်၊ အရည်အသွေး၊ ဆန္ဒထက်သန်မှု၊ လုံ့လဝီရိယ၊ ဇွဲသတ္တိဆိုတာတွေလည်း အရေးပါတာပါပဲ။ ပြည်သူ၊ ပြည်သူလို့ပြောနေကြတဲ့ လူစုလူဝေးကြီးမှာ ပါဝင်သူတစ်ဦးချင်းစီက ငါတို့ဟာဘာတွေကိုဖန်တီးနေကြတာလဲဆိုတာ သိကြဖို့ မလိုပေဘူးလားခင်ဗျာ။

လူတွေဟာ သမိုင်းကိုသိကြဖို့လိုအပ်တာပေါ့။

ငါဘယ်ရောက်နေလဲ။

ငါဘာလဲ။

ငါဘာလုပ်နေမိသလဲ။

ငါတို့ဘယ်ကိုသွားကြမလဲ။

မိမိအပါအဝင် မိသားစုတစ်စုတည်း ကွက်ကွက်ကလေးကြည့်မြင်နေလို့မရပါဘူး။ မိမိပါဝင်နေတဲ့ လူ့အဖွဲ့အစည်း၊ ခေတ်ကိုပြောင်းလဲဖန်တီးနိုင်စွမ်းရှိကြတဲ့လူတွေအနေနဲ့ အပြောအားဖြင့်၊ အပြုအားဖြင့်၊ ဘာတွေကို ဘယ်လိုပါဝင်လုပ်ဆောင်ရမှာပါလဲ။

ခေတ်တွေ၊ စနစ်တွေ၊ လူ့အဖွဲ့အစည်းယဉ်ကျေးမှု လူနေမှုဘဝတွေ ပြောင်းလဲနေတာ မြင်ကြတဲ့အတိုင်းပဲ။ ဖန်တီးပြောင်းလဲခြင်းသဘောမှာ တစ်ဦးတစ်ယောက်လုပ်အား၊ အကြံဉာဏ်အားနဲ့ပြောင်းလဲနိုင်တာလည်းရှိတယ်။ လူအုပ်စု၊ အသင်းအပင်း၊ လူ့အဖွဲ့အစည်းရဲ့ညီညွတ်ညီညာတဲ့ စုပေါင်းစွမ်းအားနဲ့ဖန်တီးပြောင်းလဲခြင်းမျိုးလည်းရှိတယ်။ သမိုင်းမှာကြည့်ရင် သိနိုင်ပါတယ်။ နမူနာသာဓက ထုတ်နုတ်လေ့လာကြည့်ပါလေ။

၁။ ပြင်သစ်တော်လှန်ရေး

၂။ အမေရိကန်တော်လှန်ရေး

၃။ ဥရောပဉာဏ်သစ်အရေးတော်ပုံ

၄။ စက်မှုတော်လှန်ရေး

၅။ အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်နဲ့ မြန်မာ့လွတ်လပ်ရေး

၆။ ၂၀ ရာစုကာလ အာကာသသို့လူသားစူးစမ်းလေ့လာနိုင်ခြင်း စသဖြင့်

လူ့သမိုင်းရဲ့ပြောင်းလဲဖြစ်စဉ်ကြီးထဲမှာ မလွဲ **မသွေတစ်ထောင့်တစ်နေရာက စာဖတ်သူကော စာရေးသူပါ သမိုင်းရေးဆရာတွေအနေနဲ့ ပါဝင်နေကြတာနော်။ သိပြီ။ အခြေခံအကျဆုံးက လူသားတစ်ဦးချင်းစီရဲ့ အသိဉာဏ်အမြော်အမြင်၊ ဆင်ခြင်တုံတရား၊ အမြော်အမြင်၊ သဘောထားနဲ့ ရည်မှန်းချက်၊ တတ်မြောက်ကျွမ်းကျင်မှု၊ သမိုင်းအမြင်အပါအဝင် မအဖို့၊ မနံ့ဖို့လိုတာပေါ့။**

၁၉၇၀ ဝန်းကျင်ကာလမှာဆိုပါတော့။

ထိုအချိန်က နာမည်ကျော်စာရေးဆရာ မောင်သာရက မေးတယ်။ မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန၊ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းကို **"သမိုင်းကိုဘာလို့သင်ရတာလဲ ဆရာ"**

သမိုင်းပါမောက္ခဖြေတာ တိုတိုတုတ်တုတ်ပါပဲ။

**"မအအောင်လို့"**တဲ့။

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ တက္ကသိုလ်ကျောင်းတော်ကြီးတွေ ၂၀၀ ကျော်တည်ရှိနေပါပြီ။ အနယ်နယ်အရပ်ရပ်မှာပါ။ သမိုင်းဘာသာအဓိကနဲ့သင်ယူနေတဲ့ ဝိဇ္ဇာဘွဲ့(သမိုင်း)ယူခဲ့သူ၊ ယူမယ့်သူ ကျောင်းသားဦးရေ ဘယ်နှယောက်ရှိသလဲ။ မေးမြန်းလေ့လာကြည့်လိုက်ပါ။ ထားပါတော့။ ပညာရေးဝန်ကြီးဌာနကတော့ အခြေအနေအသိဆုံးဖြစ်မှာပေါ့။ ဘယ်လိုပြုပြင်ကြရမလဲ။

လူနဲ့သမိုင်းအကြောင်းက ဘယ်လောက်အရေးကြီးလို့လဲ။ သမိုင်းသိရင် ထမင်းဝအောင်စားရမှာလား။ စာဖတ်သူနဲ့ဘာဆိုင်လို့လဲ။ မေးပါ။

ဒီစာမျက်နှာ၊ ဒီစာပိုဒ်ရောက်တဲ့အထိ ဖတ်ရှုစိတ်ဝင်စားခဲ့တဲ့စာဖတ်သူကို စာရေးသူက တကယ်ပဲကျေးဇူးတင်မိပါတယ်။ လေးလည်းလေးစားပါတယ်။

ဆိုင်တဲ့အကြောင်းလေးပြောပြပါမယ်။ စာဖတ်သူကို အောင်မြင်ပျော်ရွှင်တဲ့သူဖြစ်စေချင်တဲ့စေတနာအရင်းခံနဲ့ စာရေးသူကတင်ပြနေခြင်းသာဖြစ်ပါတယ်။

အောင်မြင်မှုရဲ့လျှို့ဝှက်ချက်က ဒါပါပဲတဲ့။

ဘာများလဲ။

ဘာထရမ်ရပ်ဆဲ(Bertrand Russell 1872–1970) ၂၀ ရာစု သင်္ချာပညာရှင်၊ သဘာဝတ္တဗေဒတွေးခေါ်ရှင် စာရေးဆရာကြီးက ဒီလိုပြောပါတယ်။

**၁။ "သင့်ရဲ့စိတ်ဝင်စားမှုနယ်ပယ်ကို သင်တတ်နိုင်သမျှ၊ ကျယ်နိုင်သမျှကျယ်အောင် ချဲ့လိုက်ပါ။**

**၂။ အဲဒီလူပုဂ္ဂိုလ်၊ အခြင်းအရာ၊ သင်စိတ်ဝင်တစားရှိလာတဲ့သူတွေကို၊ အရာတွေကို၊ အရာရာတွေကို သင်ကရန်သူလိုသဘောထားနဲ့ ဆန့်ကျင့်ခြင်း၊ ရန်လိုခြင်း၊ ရိုင်းပျဖျက်ဆီးခြင်းမပြုဘဲ ချစ်ချစ်ခင်ခင်ကြင်နာစွာတုံ့ပြန်ပြုမူပါ။**

**၃။ အဲဒီဆက်နွယ်မှုဟာ သင့်ကိုမုချသေချာစိတ်ချမ်းသာမှု၊ ပျော်ရွှင်မှုတွေရစေတာပါပဲ။"**

**ဘာထရမ်ရပ်ဆဲ(၁၈၇၂–၁၉၇၀)** ရေးသားခဲ့တဲ့ ကမ္ဘာကျော်စာအုပ်တွေလည်း အများကြီး၊ ဟောပြောချက်တွေ၊ ကဗျာတွေလည်း အများကြီး၊ အထင်ကရပညာရှင် စာရေးဆရာကြီးတစ်ဦးဖြစ်ပါတယ်။

သူရဲ့လုပ်ဆောင်ချက်တွေ အများကြီးပြောစရာပြစရာရှိပေမယ့် တစ်ခုကိုသာကောက်နုတ်တင်ပြပါမယ်။ အိုမင်းပေမယ့် သူဟာအရွယ်နဲ့မမျှအောင် စစ်ဆန့်ကျင်ရေးကို မရပ်မနား ထက်ထက်သန်သန်လှုပ်ရှားပါဝင်ခဲ့ပါတယ်။ အထူးသဖြင့် အမေရိကန်နယ်ချဲ့အရင်းရှင်ရဲ့ဗီယက်နမ်နိုင်ငံအပေါ် ကျူးကျော်တိုက်ခိုက်တဲ့ **ဗီယက်နမ်စစ်ပွဲ(၁၉၅၅–၁၉၇၅)** အနှစ် ၂၀ ကြာ ကာလလုံးလုံး မတရားမှု၊ ရမ်းကားမှု၊ နိုင်လိုမင်းထက်ရက်စက်မိုက်မဲမှု၊ လူသားမဆန်မှုတွေကို ကမ္ဘာကျော်ထင်ရှားတဲ့ သဘာဝတ္တဗေဒပညာရှင် စာရေးဆရာကြီးတစ်ယောက်အနေနဲ့ ပြတ်ပြတ်သားသား ကျယ်ကျယ်လောင်လောင်ရေးသားဟောပြောခဲ့ပါတယ်။(ယနေ့ မြန်မာနဲ့ နိုင်ငံတကာသတင်းစာဆရာများဟာ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများရဲ့ မိုက်မဲရိုင်းစိုင်းစွာ လူမဆန်တဲ့ရက်စက်သတ်ဖြတ်နှိပ်စက်နေခြင်း၊ ဒါကိုနိုင်ငံရေးအင်အား၊ ငွေကြေးအင်အား၊ လက်နက်အင်အား၊ ဖုံးကွယ်လှည့်စားမှု၊ ဝါဒဖြန့်လိမ်ညာမှုများနဲ့ မီဒီယာလှိုင်းစွမ်းအား အသုံးချထောက်ပံ့အားပေးနေမှုများကို အမှန်အတိုင်းထုတ်ဖော်ရန် တာဝန်ရှိကြပေမယ့် ပါးစပ်ပိတ်၊ ငြိမ်သက်၊ တိတ်ဆိတ်၊ မဆိုင်သလိုရှောင်ဖယ်နေကြပုံနဲ့ နှိုင်းယှဉ်ဝေဖန်စရာပါပဲ)

အမေရိကန်နယ်ချဲ့နဲ့ အနောက်တိုင်းအရင်းရှင်အစိုးရတွေက ဘာထရမ်ရပ်ဆဲဆိုတဲ့ အင်္ဂလိပ်(ဝေလ)လူမျိုး ဘာထရမ်ရပ်ဆဲစာရေးဆရာကို ရွံမုန်းကြတယ်။ သို့ရာတွင် သူကကွန်မြူနစ်မဟုတ်ပါဘူး။ အာရှတိုက်သားလည်းမဟုတ်ပါဘူး။ ဗီယက်နမ်နဲ့လည်း ဆက်နွယ်မှုမရှိခဲ့ပါဘူး။ စာရေးသူက ဘာထရမ်ရပ်ဆဲအကြောင်း စိတ်ဝင်စားခဲ့တာ၊ လေ့လာခဲ့တာက ဒဿနိကဘာသာရပ်ကို တက္ကသိုလ်မှာသင်ခဲ့ရလို့ ဆရာကြီးဆန်းလွင်ရေးတဲ့ ဘာသာပြန်တဲ့ ဘာထရမ်ရပ်ဆဲစာအုပ်တွေဖတ်ခဲ့လို့သာ ရင်းနှီးလေးစားမိခြင်းပါ။ **"အမှန်တရားကို မြတ်နိုးခြင်း အခြေခံရပ်တည်ချက်"** တူညီလို့ လေးစားတာ။ သူဟာ ၁၉ ရာစုက မြန်မာနိုင်ငံကို ကျူးကျော်စစ်ပွဲများ သုံးကြိမ်တိတိတိုက်ခိုက်ဆင်နွှဲပြီး မြန်မာကို ၆၂ နှစ်လောက် နယ်ချဲ့သိမ်းပိုက်(တိုင်းပြည်ကမ္ဘာပေါ်မှာ ပျောက်ကွယ်သွားတဲ့အထိ) အနိုင်ကျင့်ကျူးကျော်ခဲ့ဖူးတဲ့ အင်္ဂလန်ကစာရေးဆရာဆိုပေမယ့် သူ့ကိုရန်သူလို့ မမြင်ပါဘူး။ သူမပါဝင်ဘူး။

ဗီယက်နမ်စစ်(၁၉၅၅–၁၉၇၅) အမေရိကန်ကျူးကျော်စစ်ကို သူကကန့်ကွက်ရှုတ်ချဆန့်ကျင်ခဲ့သလို မြန်မာပြည်ကျွန်ဖြစ်တဲ့စစ်(၁၈၂၄–၁၈၈၅) ဗြိတိသျှနယ်ချဲ့ကျူးကျော်စစ်ကိုလည်း သူက မထောက်ခံဘူး။ မနှစ်မြို့ခဲ့ဘူး။ တရားမျှတမှုဟာ သူရဲ့မူပဲ။

လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ရေးနေကြတာပါ။ ရေပွက်ပမာ ခဏတာဘဝလေးမှာ မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ လောကကိုကောင်းကျိုးပြုခြင်း၊ လူသားအချင်းချင်း ကူညီစာနာ၊ မေတ္တာအရင်းခံ ဆက်ဆံပေါင်းသင်းတတ်ခြင်းတို့တော့ အခြေခံ၊ အရင်းခံ၊ သဘောထားရှိကြမယ် မဟုတ်ပါလား။

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၄၈ ဧက စိုက်ပျိုးသွားမည်


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

မအူပင် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၄၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၄၈ ဧကကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါ စိုက်ပျိုးမည့် ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မအူပင်မြို့နယ်အတွင်း ပဲတီစိမ်း ၂၃၄၈ ဧကစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ လက်ရှိ ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သီးနှံအထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်မကျရောက်စေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲတီစိမ်းစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိစေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

ကျော်ကျော်လင်း

# ဝေါမြို့နယ် အိုးဖိုစုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ဝေါ နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ညောင်သုံးခွကျေးရွာအုပ်စု အိုးဖိုစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်ပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝေါမြို့နယ် အိုးဖိုစုကျေးရွာ၌ အရှည် ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်း ကျေးရွာတွင်း လမ်းဂဝံမြေခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုပြီး ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇွန် ၂၀ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

ချိုလေး

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရေဦး နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ကုလားပဲ ဧက ၉၂၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း ကုလားပဲ ဧက ၉၂၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၇၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်စေဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ကုလားပဲ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် သမထီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မင်းဘူး နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် Plate Bearing Test တိုင်းတာခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

သမထီးကျေးရွာ၌ အရှည် ၁ မိုင် ဝ ဒသမ ၆၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၉၅ ဒသမ ၁၁၈ သန်းဖြင့် Shwe Group ကုမ္ပဏီမှ ယခုနှစ် ဇွန် ၁၅ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

ဇင်မာ

# ဘားအံမြို့နယ် လက္ခဏကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဘားအံ နိုဝင်ဘာ ၂၅

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက္ခဏကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ လက္ခဏကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၁၀ ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ကိုသက်

ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် – ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ကျန်းမာပျော်ရွှင်သော လူမှုဘဝရရှိရေး

မေဇင်ထွန်း

အသင့်စား အစားအစာများ၊ လူနေမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် ယနေ့ခေတ်တွင် ကျန်းမာသောနေထိုင်စားသောက်မှုများနှင့်ကင်းဝေးလာသည်။ ကျန်းမာကြံ့ခိုင်သော လူ့အသိုက်အဝန်း ဖြစ်လာစေရေးအတွက် လူသားတစ်ဦးချင်းစီမှ စရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သူများဖြစ်လာစေရန် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများဖြင့် အနေအထိုင်၊ အစားအသောက်ကို ခန္ဓာနှင့်မျှတစွာ နေထိုင်စားသောက်ရန်လိုအပ်သကဲ့သို့ ကိုယ်လက်လှုပ်ရှားအားကစားများပြုလုပ်ရန်လည်း လိုအပ်သည်။ အသက်အရွယ်မရွေး ကျန်းမာရေးအသိပညာဗဟုသုတများ ကြွယ်ဝနေရန်လည်းလိုသည်။ လူအများစုသည် ကျန်းမာသန်စွမ်းနေချိန် ကျန်းမာခြင်း၏အဖိုးတန်မှုကို မေ့လျော့နေတတ်ကြပြီး နေထိုင်မကောင်းဖြစ်ချိန်၊ ရောဂါဘယထူပြောလာချိန်မှသာ ကျန်းမာရေးကောင်းခြင်း၏ တန်ဖိုးကို သိလေ့ရှိသည်။ ထို့ကြောင့် ရခဲလှသောလူ့ဘဝတွင် လူဖြစ်ရကျိုးနပ်စေရန်၊ လူဖြစ်မရှုံးစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် ကျန်းမာရေးကောင်းမွန်ခြင်း၊ ကြံ့ခိုင်ခြင်းများရရှိပိုင်ဆိုင်နိုင်ရန်လိုသည်။ သို့မှသာ စိတ်သွားတိုင်းကိုယ်ပါပြီး အောင်မြင်မှုများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

ကောင်းမွန်သော ကျန်းမာရေးလိုက်စားမှုအလေ့အကျင့်ကို အသက်ငယ်ရွယ်စဉ်ကတည်းကပင် ကိန်းအောင်းနေရေး လေ့ကျင့်ယူရပေမည်။ ကိုယ်လက်လှုပ်ရှားခြင်း၊ အားကစားတစ်ခုခု ပုံမှန်ပြုလုပ်ခြင်း၊ အနေအထိုင်အစားအသောက်ဆင်ခြင်ခြင်းများ ဆောင်ရွက်သွားမှသာ အသက်အရွယ်ကြီးရင့်သည်ထိ ကျန်းမာရေးကောင်းမွန်ကာ ကျန်းမာရေးသုခကို အပြည့်အဝခံစားနိုင်မည်ဖြစ်သည်။ လူသားများသည် သက်ရှည်ကျန်းမာခြင်းဆိုသည့် ကျန်းမာရေးသုခနှင့် ပြည့်စုံမှုကိုလိုလားကြသည်။ သို့သော်လည်း အသက်ရှည်ရန် မည်သို့သောအကြောင်းတရားများနှင့် ပြည့်စုံရအောင်ဆောင်ရွက်ရမည်ကိုမူ တွေးတောမိသူနည်းပါးကြသည်။ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုကောင်းသည့်အတွက် ရောဂါမဖြစ်ပွားမီ လိုအပ်သောကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်းကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန်အတွက် အချိန်ပေးသင့်ပေသည်။ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းသည် လူသားတိုင်းနှင့်သက်ဆိုင်သည်။ အသက်အရွယ်ကိုလိုက်၍ မိမိနှင့်ကိုက်ညီသော ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပုံမှန်ပြုလုပ်ပေးသင့်ပေသည်။ ယနေ့ခေတ်တွင် စားဝတ်နေရေးကိုအကြောင်းပြု၍ ရုန်းကန်နေကြသူများသည် ကျန်းမာရေးအတွက် အချိန်မပေးနိုင်ကြသည်ကိုလည်း တွေ့မြင်နေရသည်။ ထိုသူများသည် လက်ရှိအခြေအနေတွင် ကျန်းမာနေကြသော်လည်း ၎င်းတို့၏ကိုယ်တွင်း၌ နှလုံး၊ ဆီးချို၊ သွေးတိုးကဲ့သို့ ရောဂါများ ကိန်းအောင်းနေနိုင်ပေသည်။ အဘယ့်ကြောင့်ဆိုသော် နေ့စဉ်စားသုံးမှုအစာအာဟာရသည်လည်း ပြည့်စုံမှုမရှိသည့်အပြင် ကိုယ်လက်လှုပ်ရှားမှုမရှိသောကြောင့်ဖြစ်သည်။

ကျန်းမာကြံ့ခိုင်သောဘဝရရှိရေးအတွက် ကိုယ်လက်လှုပ်ရှားခြင်းကိုဖြစ်စေသော အားကစားနည်းတစ်မျိုးမျိုးကို ရွေးချယ်ပြုလုပ်ကြရပေမည်ဖြစ်သည်။ စက်ဘီးစီးခြင်း၊ ပြေးခြင်း၊ အေရိုးဗစ်ကစားခြင်း၊ လမ်းခပ်သွက်သွက်လျှောက်ခြင်းကဲ့သို့ မပြင်းထန်သောလေ့ကျင့်ခန်းများကို နေ့စဉ်နာရီဝက်ခန့်ပြုလုပ်ပေးပါက ချွေးထွက်၍ ခန္ဓာကိုယ်တွင်းမှ မကောင်းသောအပူအပုပ်များထွက်ခြင်း၊ သွေးကြောများပွင့်၍ သွေးလည်ပတ်မှု ပိုမိုကောင်းမွန်ခြင်း၊ ကြွက်သားများနှင့် အရိုးအဆစ်များသန်မာခြင်း၊ အဆီကျခြင်း၊ အဆုတ်နှင့် နှလုံးကောင်းမွန်ခြင်းတို့ကိုဖြစ်စေသည်။

ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကိုက်ညီဆုံးနှင့် အလွယ်ကူဆုံးအားကစားနည်းမှာ လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ရာတွင် ဖြည်းဖြည်းမှန်မှန်လမ်းလျှောက်ခြင်း၊ ပုံမှန်လမ်းလျှောက်ခြင်း၊ ခပ်မြန်မြန်လမ်းလျှောက်ခြင်း၊ အပြေးလေ့ကျင့်မှုများဟူ၍ရှိရာ မိမိနှင့်ကိုက်ညီသောလမ်းလျှောက်ခြင်းကို ရွေးချယ်ပြီး ပုံမှန်ပြုလုပ်ခြင်းဖြင့် မိမိကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ နေ့စဉ်ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ရာတွင် လူတိုင်းအတွက်အဆင်ပြေကာ အလွယ်ပြုလုပ်နိုင်သောအားကစားနည်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် လူတန်းစားမရွေး အလွယ်တကူပြုလုပ်နိုင်သော အားကစားနည်းပင်ဖြစ်သည်။ လမ်းမှန်မှန်လျှောက်ကြသူများအနေဖြင့် နှလုံးရောဂါဖြစ်ခြင်းမှ ကင်းဝေးနိုင်ပြီး ဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားခြင်းမှလည်း ကင်းဝေးနိုင်မည်ဖြစ်သည်။ လမ်းလျှောက်ရင်း သွေးပူလေ့ကျင့်ခန်း၊ အသက်ရှူလေ့ကျင့်ခန်းများလည်း ပြုလုပ်ခြင်းသည် သွေးလည်ပတ်မှုကို ကောင်းမွန်စေခြင်း၊ အကြောအခြင်များနှင့် အရိုးအဆစ်များအတွက် လှုပ်ရှားမှုရှိခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ခြင်း၊ သဘာဝနှင့်ထိတွေ့ရသဖြင့် ကိုယ်စိတ်ပေါ့ပါးလန်းဆန်းခြင်း၊ ခန္ဓာကိုယ်အလေးချိန်ကိုလျှော့ချနိုင်ခြင်း စသည့်ကောင်းကျိုးများကို ရရှိနိုင်မည်ဖြစ်သည်။



ထို့ပြင် နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းသည် ခြေသလုံးကြွက်သားများကို ပိုမိုသန်မာလာစေသည်။ ခြေသလုံးကြွက်သားနှင့် နှလုံးသည် ဆက်စပ်မှုရှိသောကြောင့် ခြေသလုံးကြွက်သားသန်မာလေလေ နှလုံးအားကောင်းလေလေဖြစ်သည်။ လမ်းလျှောက်ခြင်းသည် သွေးတိုးရောဂါဖြစ်ပွားမှုကို လျော့ကျစေပြီး ခန္ဓာကိုယ်တွင်းမှမလိုအပ်သော ကိုလက်စထရောအဆီများကိုလည်း လောင်ကျွမ်းစေသည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက် အထက်တွင်ဖော်ပြထားသည့် လေ့ကျင့်ခန်းအမျိုးမျိုးပြုလုပ်နိုင်သည့်အနက် လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ပြုလုပ်ရန်အလွယ်ကူဆုံးလေ့ကျင့်ခန်းတစ်ခု ဖြစ်သည့်အပြင် ခန္ဓာကိုယ်အတွက်လိုအပ်သော လေကောင်းလေသန့်ကိုပါ ရရှိနိုင်သည်။

လမ်းလျှောက်ချိန်တွင် အလုပ်မှ ဖိအားများ၊ စိတ်ဖိစီးမှုများ လျော့ကျစေပြီး လန်းဆန်းတက်ကြွမှုများကို ဖြစ်ပေါ်စေနိုင်သည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာပျော်ရွှင်ကာ အရွယ်တင်နုပျိုစေနိုင်သည်။ လမ်းလျှောက်ခြင်းကို အလေ့အကျင့်မှ အလေ့အထဖြစ်အောင် ပြုလုပ်ပေးခြင်းဖြင့် အသက်ရှည်ခြင်း၊ အနာကင်းခြင်းဖြစ်လာမည်ဖြစ်ပေသည်။

လမ်းလျှောက်ခြင်းကို နည်းစနစ်ကျစွာလျှောက်ကြမည်ဆိုလျှင် ကိုယ်လက်လှုပ်ရှားမှုကြောင့် အညောင်းပြေပြီး အကြောပြေလျော့ကာ လေဖြတ်ခြင်းဝေဒနာမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ နေ့စဉ်ပုံမှန်လှုပ်ရှားနေမှုကြောင့် ခန္ဓာကိုယ်အလေးချိန်လည်း လျော့ကျလာမည်ဖြစ်ပြီး ကယ်လိုရီများ လောင်ကျွမ်းနိုင်မည်ဖြစ်သည်။ နေ့စဉ် ခပ်မြန်မြန်လျှောက်ပါက ခြေသလုံးကြွက်သားများ သန်မာလာပြီး ကိုယ်တွင်းအစာခြေဖျက်မှုနှင့် စွန့်ထုတ်မှုစနစ်ကို ကောင်းမွန်စေကာ ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များကို ပိုမိုလျင်မြန်လာစေသည်။ ထိုအခါ ခန္ဓာကိုယ်၏ အလေးချိန်လည်း ထိန်းညှိပေးသကဲ့သို့ ဖြစ်လာနိုင်သည်။ ကိုယ်လက်လှုပ်ရှားအားကစားနည်းများတွင် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်ကို သိရှိလာကြပြီဖြစ်သောကြောင့် ၁၉၆၄ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အားကစားနှင့် ကာယပညာကော်မတီမှ ပြည်သူလူထု၏ ကျန်းမာရေးကို အကြောင်းပြုကာ ကိုယ်လက်လှုပ်ရှားအားကစားပွဲများကို ကျင်းပပေးခဲ့သည်။

ရောဂါအခံရှိသူများအတွက် ကိုယ်လက်လှုပ်ရှားမှုသည် ရောဂါကုထုံးတစ်ခုပင်ဖြစ်သည်။ သာမန်ကျန်းမာရေးကောင်းသော လူငယ်၊ လူရွယ်များ၊ လူလတ်နှင့် လူကြီးပိုင်းများအတွက်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းစဉ် တစ်ခုပင်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ခြင်းသည် ပျော်ရွှင်ဖွယ်ကောင်းသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်စေမည်ဖြစ်ပြီး ကျန်းမာရေးနှင့်မကိုက်ညီသော နေထိုင်စားသောက်မှုပုံစံအမှားများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သော ဆေးကုသမှုကုန်ကျစရိတ်များ၊ စိတ်ဆင်းရဲရမှုများကိုလည်း ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ကျန်းမာရေးမကောင်းသောသူရှိသည့် အိမ်များ၊ မိသားစုများသည် အပြည့်အဝမပျော်ရွှင်နိုင်ကြသည်ကို ပတ်ဝန်းကျင်၌ တွေ့မြင်နိုင်ပေသည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းသည် ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကိုပါ ကျန်းမာကြံ့ခိုင်စေခြင်း၊ ပျော်ရွှင်ဖွယ်လူမှုဘဝကို ပိုင်ဆိုင်စေနိုင်ခြင်း၊ ငွေကုန်ကြေးကျမှုကို ကြိုတင်ကာကွယ်ခြင်းနှင့် ဘဝအောင်မြင်ရေးအတွက်ကိုပါ များစွာ အထောက်အကူပြုစေသည်။

စိတ်ဆောင်လျှင် အရာရာအောင်သည်ဆိုသည့်အတိုင်း အသက်ရှည်ကျန်းမာစွာနေလိုသူများသည် မိမိတို့၏စိတ်ကို ဦးစွာထိန်းချုပ်တတ်ရန်လိုအပ်သည်။ စိတ်ဆိုသောအရာသည် မမြင်မတွေ့ရသော်လည်း ဒေါသအမျက်မကြီးအောင်၊ စိတ်အေးချမ်းအောင် နေထိုင်နိုင်ရန်အတွက် မည်သည့်ဆေးဝါးမျှ သောက်သုံးမှီဝဲ၍မရ။ မိမိ၏စိတ်ကို မိမိကသာပဲ့ပြင်ထိန်းကျောင်းကြရပေမည်။ စိတ်ချမ်းသာလျှင် ကိုယ်ကျန်းမာမည်မှာ ရာနှုန်းပြည့်မဟုတ်သည့်တိုင် ထိုက်သင့်သလောက်တော့မှန်ပေသည်။ ကြည်လင်နေသောစိတ်အစဉ်သည် လန်းဆန်းမှုနှင့် ပြီးပြည့်စုံကာ မိမိတစ်နေ့တာဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်မှုသည် အလွန်အရေးကြီးသောကြောင့် စိတ်ပျိုကိုယ်နု၊ လူသာအိုပါလေ စိတ်မအိုပါစေနှင့်ဟူသောစကားများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

နောက်ထပ်အရေးကြီးသည်မှာ အသက်ရှင်ရပ်တည်ရေးအတွက် မိမိတို့နေ့စဉ်မှီဝဲစားသုံးနေရသော အစားအစားများဖြစ်သည်။ ယနေ့ခေတ်တွင် အသင့်စား အစားအစာများ များစွာပေါ်များလာသည်။ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ကျန်းမာရေးနှင့်မညီညွတ်သော အသင့်စား အစားအစာများက လူနေမှုဘဝတွင် နေရာယူလာသည်နှင့်အညီ ပါးစပ်အလိုလိုက်ပြီး များစွာမစားမိရန်အရေးကြီးသည်။ မိမိနှင့်သင့်တင့်သည့် ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရကို စားသုံးကြရမည်ဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အသား၊ ငါး လွန်ကဲစွာစားသုံးခြင်း၊ အဆီများသောအစားအစာများစားခြင်းတို့ကို ရှောင်ကြဉ်နိုင်ပါမှ ဘေးထွက်ဆိုးကျိုးကင်းကာ ကျန်းမာရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာကို ရွေးချယ်စားသုံးနိုင်မှသာ မိမိတို့၏ ခန္ဓာကိုယ်တွင်း၊ ကိုယ်ပ ကျန်းမာကြံ့ခိုင်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ အသီး၊ အရွက်နှင့်အသားများကို သင့်တင့်စွာစားသုံးပေးရမည်။ ရေကိုလည်း အနည်းဆုံးတစ်နေ့လျှင် နှစ်လီတာမှ သုံးလီတာထိ သောက်သုံးပေးသင့်သည်။ ညဉ့်နက်သည်ထိ ဖုန်းအသုံးပြုခြင်းကဲ့သို့ ခန္ဓာကိုယ်အတွက် ဘေးဖြစ်စေနိုင်သောအမူအကျင့်ဆိုးများကို ရှောင်၍ လူတစ်ဦး တစ်နေ့တာအိပ်စက်သင့်သောအချိန်ပြည့်အောင် မှန်မှန်အိပ်စက်အနားယူသင့်သည်။ ထိုသို့ နေ့စဉ်စောစောအိပ်၊ စောစောထကာ ကိုယ်လက်လှုပ်ရှားမှုပြုပေးခြင်း၊ ကျန်းမာညီညွတ်သောအစာများစားပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောလူ့အသိုက်အဝန်းကို တည်ဆောက်ကြရမည်ဖြစ်သည်။

လူတိုင်း နေ့စဉ် ကိုယ်လက်လှုပ်ရှားခြင်းကို အချိန်ပေးပြီးဆောင်ရွက်ခြင်းသည် ကျန်းမာရေးကောင်းမွန်စေပြီး ရောဂါဘယဖြစ်ပွားမှုကို လျော့ကျစေခြင်း၊ သက်တမ်းစေ့နေနိုင်ခြင်း စသည်တို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ အနာဂတ်မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်မှုနှင့် ပြည့်စုံသည့်လူနေမှုဘဝကို ရရှိနိုင်ကြစေရန် ကိုယ်လက်လှုပ်ရှားအားကစားကို နေ့စဉ်ပြုလုပ်ရင်း ကျန်းမာကြံ့ခိုင်သူများအဖြစ် ခံယူနိုင်ကြမည်ဖြစ်သည်။ အချုပ်ဆိုရသော် ကျန်းမာကြံ့ခိုင်သူများအဖြစ် ခံယူနိုင်ကြရန် ကျန်းမာကြံ့ခိုင်မှုကိုအထောက်အပံ့ဖြစ်စေသော ကိုယ်လက်လှုပ်ရှားအားကစားများအပြင် အစားအသောက်၊ အပြုအမူ၊ အနေအထိုင်များကို ဆင်ခြင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူ့အသိုက်အဝန်းကို ပျော်ရွှင်ချမ်းမြေ့စွာ တည်ဆောက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**


- **Walking for good health**
- **What are the Benefits of Walking?**
- **Maintaining balanced lifestyle key to staying healthy**

# ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေးကြိုးပမ်းမှုက ပြည်သူများ၏ကျန်းမာရေးကို အထောက်အကူပြုခြင်းဖြစ်



**ဘရာဇီးလီးယား နိုဝင်ဘာ ၂၅**

ဘရာဇီးနိုင်ငံရှိ အမေဇုန်သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေးကြိုးပမ်းမှုသည် ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုခြင်းဖြစ်ကြောင်း ဘရာဇီးနိုင်ငံ အစိုးရက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံတွင် ၂၀၀၆ ခုနှစ်ကစ၍ စိုက်ပျိုးရေးအတွက် အမေဇုန်မိုးသစ်တော ခုတ်ထွင်ရှင်းလင်းခြင်းအပေါ် ကန့်သတ်ချက်များ ချမှတ်ထားကြောင်း၊ အဆိုပါကန့်သတ်ချက်များကြောင့် မြေယာရှင်းလင်းခြင်းများလျော့ကျသွားကြောင်း၊ ၎င်းနှင့်ဆက်စပ်ပြီး ဆေးရုံတက်ရောက်ကုသခြင်းနှင့် တောမီးကြောင့် သေဆုံးမှု ထောင်ပေါင်းများစွာ လျော့ချနိုင်ခဲ့သဖြင့် ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်လာနိုင်သည့်ရလဒ်များဖြစ်ပေါ်စေခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ဂျာမနီရှိ ဘွန်း တက္ကသိုလ်နှင့် ဘရာဇီးရှိ Universidade Federal de Minas Gerais တက္ကသိုလ်တို့မှ သုတေသီများက အမေဇုန်မိုးသစ်တော ထိန်းသိမ်းစောင့်ရှောက်ခြင်း အစီအမံများချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ အစီအမံများ ဆောင်ရွက်နေသော ဒေသတွင်း နေထိုင်သူများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများအတွက် ဆေးရုံတက်ကုသခြင်းနှင့် သေဆုံးမှုနှုန်းကို လျော့ကျစေကြောင်း၊ ၎င်းအစီအမံများကြောင့် ဆေးရုံတက်ကုသသူ ဦးရေ ၁၈၀၀၀ ခန့်နှင့် မီးခိုးနှင့်မီးလောင်ကျွမ်းမှုဆိုင်ရာကျန်းမာရေးပြဿနာများကြောင့် တစ်နှစ်လျှင် သေဆုံးသူဦးရေ ၆၈၀ လျော့နည်းသွားသည်ဟု သုတေသီများက တွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# မီချီဂန်ပြည်နယ်တွင် မိုးအနည်းငယ်ရွာသော်လည်း မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရဆဲဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၂၅**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် ပြီးခဲ့သောရက်သတ္တပတ်က မိုးအနည်းငယ်ရွာသွန်းမှုရှိခဲ့သော်လည်း မိုးခေါင်သည့်ပြဿနာဖြင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း U.S. Drought Monitor က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယခုနှစ် နွေရာသီမှစ၍ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ပြီးခဲ့သည့်ရက်သတ္တပတ်က မိုးရွာသွန်းခဲ့ကြောင်း၊ ဆိုးရွားသည့် မိုးခေါင်ရေရှားပါးမှုမျိုးမဟုတ်သော်လည်း မိုးခေါင်မှုအရေးပေါ် အခြေအနေသို့ရောက်ရှိနေကြောင်း သိရသည်။

"မီချီဂန်ပြည်နယ်မှာ ဒေသပေါင်း ၉၉ ရာခိုင်နှုန်းထိမိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ တစ်ရာခိုင်နှုန်းလောက်ပဲ ပုံမှန်မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့တယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာတော့ မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ၉၉ ရာခိုင်နှုန်းသောဒေသတွေထဲမှာမှ ဒေသတချို့မှာ မိုးအနည်းငယ်ရွာသွန်းခဲ့တယ်။ မိုးရွာသွန်းခဲ့ပေမဲ့လဲ မိုးခေါင်တဲ့ပြဿနာ အဆုံးသတ်သွားတာ မဟုတ်ပါဘူး"ဟု U.S. Drought Monitor မှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

U.S. Drought Monitor ၏ ခြုံငုံသုံးသပ်ချက်အရ မီချီဂန်ပြည်နယ်တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ၉၉ ရာခိုင်နှုန်းထိ မိုးခေါင်မှုပြဿနာဖြင့်ရင်ဆိုင်နေရပြီး တစ်ရာခိုင်နှုန်းသာ ပုံမှန်မိုးရွာသွန်းသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မြောက်ဆူမတြားပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လေးဦးသေဆုံး၊ နှစ်ဦး ပျောက်ဆုံးနေ

**ဂျကာတာ နိုဝင်ဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမတြားပြည်နယ် ဒီလီဆာဒန်ရှိ ဂျင်တီဒေသတွင် နိုဝင်ဘာ ၂၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဒေသခံလေးဦးသေဆုံးကာ နှစ်ဦးပျောက်ဆုံးနေကြောင်း National Disaster Management Agency (BNPB) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပျောက်ဆုံးနေသူများနှင့်သေဆုံးခဲ့သူများမှာ မာတီလူကျေးလက်ဒေသမှဖြစ်ပြီး သေဆုံးသူများကိုလည်း အတည်ပြုခဲ့ပြီးဖြစ်ကာ မိသားစုဝင်များထံသို့ အသိပေးထားပြီးဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူနှစ်ဦးမှာ အမျိုးသားများဖြစ်ကြပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း National Disaster Management Agency(BNPB)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မြောက်ဆူမတြားပြည်နယ်မှာရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပြီးတော့ ဒေသခံ လေးယောက်သေဆုံးကာ နှစ်ယောက်ပျောက်ဆုံးနေပါတယ်။ သေဆုံးခဲ့သူလေးယောက်ကတော့ အသက် ၆၅ နှစ်အရွယ် ကာတီနီအမည်ရှိ အမျိုးသမီးတစ်ယောက်၊ အယ်စီနာဒင်ဒါအမည်ရှိ အသက်သုံးနှစ်အရွယ် မိန်းကလေးတစ်ယောက်၊ ဂင်တင်အမည်ရှိ အသက် ၈၁ နှစ်အရွယ် အမျိုးသမီးတစ်ယောက်၊ ပါဒါမန်ဒါအမည်ရှိ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ယောက်တို့ပဲ ဖြစ်ပါတယ်။ ပျောက်ဆုံးနေသူ နှစ်ယောက်ကတော့ ဘူတီယူတာမာအမည်ရှိ အသက် ၃၀ အရွယ် အမျိုးသားတစ်ယောက်၊ ဂျာဂျီဘာရက်စ်အမည်ရှိ အသက် ၄၀ အရွယ် အမျိုးသားတစ်ယောက်တို့ဖြစ်ပါတယ်"ဟု National Disaster Management Agency (BNPB) မှ ပြောရေးဆိုခွင့်ရှိသူ မူဟာရီကအတည်ပြုခဲ့သည်။

Ref : Russia Today

Trs : Sai Sat



# ဘိုလီးဗီးယားနိုင်ငံ လာပါ့စ်မြို့အနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့

**လာပါ့စ် နိုဝင်ဘာ ၂၅**

ဘိုလီးဗီးယားနိုင်ငံတွင် နိုဝင်ဘာ ၂၃ ရက်ကစပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လာပါ့စ်မြို့ဆင်ခြေဖုံး ဘာဂျိုလိုဂျီတာလူနေရပ်ကွက်ရှိ နေအိမ်များတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လာပါ့စ်မြို့အနီး ပါဆာဂျာဟူရာမြစ်ရေလျှံကာ မြို့ဆင်ခြေဖုံးရပ်ကွက်ကို ရေဖုံးလွှမ်းခဲ့ကြောင်း၊ နေအိမ်များအတွင်း ပိတ်မိနေသူ များအပြားရှိကြောင်း၊ ကူညီကယ်ဆယ်ရေးအဖွဲ့များက အဆိုပါနေအိမ်များအတွင်း ပိတ်မိနေသူများကို ကြိုးစားရှာဖွေ ကယ်ထုတ်နေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် အသက်လေးနှစ်အရွယ်မိန်းကလေးတစ်ယောက် ပျောက်ဆုံးနေပါတယ်။ သူ့မိဘတွေက ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး အပူတပြင်းရှာနေပါတယ်။ ရေကြီးမှုနဲ့အတူ ရွှံ့တွေပါလာပါတယ်။ ရွှံ့တွေ တအားများတာကြောင့် နေအိမ်အပြင်ထွက်ဖို့ အိမ်ခေါင်မိုးတွေကနေ ဖောက်ထွက်ရပါတယ်"ဟု အဆိုပါဒေသ၏မြို့နီစီပယ်ဥက္ကဋ္ဌ ဂျူလီတာကလာဗီဂျိုးက ပြောကြားခဲ့သည်။

ရေကြီးမှုကြောင့် အနည်းဆုံးလူ ၂၆ ဦးဒဏ်ရာရခဲ့ပြီး အိမ်ခြေ ၄၀ ကျော် ပျက်စီးခဲ့ကြောင်း၊ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန်နှင့်နယ်မြေရှင်းလင်းရေးအတွက် ဘိုလီးဗီးယားတပ်မတော်သား ၃၀၀ ခန့်ကို အစိုးရက တပ်ဖြန့်ပေးထားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

ဘိုလီးဗီးယားသမ္မတ လူးဝစ်သည် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ၎င်းဒေသ၏ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# COP29 ညီလာခံတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာရန်ပုံငွေပံ့ပိုးမှုကို ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကန်ဒေါ်လာ ၃၀၀ ဘီလီယံအဖြစ် တရားဝင်သတ်မှတ်

**ဘာကူး နိုဝင်ဘာ ၂၅**

အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှ ၂၂ ရက်ထိ ကျင်းပခဲ့သော တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာညီလာခံ(COP29)တွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရန်ပုံငွေပံ့ပိုးမှုကို အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံအဖြစ် တရားဝင် သတ်မှတ်ခဲ့ကြောင်း အဇာဘိုင်ဂျန်ဂေဟဗေဒနှင့်သယံဇာတဝန်ကြီး ဘာဘာယက်ဗ်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

COP29 ညီလာခံတွင် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးအခက်အခဲရှိနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပံ့ပိုးပေးသွားရေးကို ဦးစားပေးဆွေးနွေးခဲ့ပြီး ညီလာခံအပြီးတွင် ဦးစားပေးဆွေးနွေးခဲ့သည့်အချက်ကို သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း ရန်ပုံငွေပမာဏကို အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံ သတ်မှတ်ခဲ့ခြင်းမှာ လုံလောက်သည့်ပမာဏမဟုတ်သည့်အတွက် ညီလာခံသို့ တက်ရောက်ခဲ့သော နိုင်ငံတချို့မှ ကိုယ်စားလှယ်တချို့က ဝေဖန်မှုများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"COP29 ညီလာခံအောင်မြင်စွာ အဆုံးသတ်နိုင်ဖို့အတွက် ကျွန်တော်တို့တွေ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတယ်။ အဆုံးသတ်မှာတော့ အရေးကြီးတဲ့သဘောတူညီချက်ကိုရယူနိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ဒီသဘောတူညီချက်ဟာ လူ့အသက် ဘီလီယံပေါင်းများစွာကို အကာအကွယ်ပေးနိုင်ပါလိမ့်မယ်"ဟု ကုလသမဂ္ဂအဖွဲ့အစည်း၏ ရာသီဥတုပြောင်းလဲဆိုင်ရာအကြီးအကဲဖြစ်သူ ဆိုင်မွန်ကပြောကြားခဲ့ကြောင်းသိရသည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဿနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၀၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၀၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဂျုံ ၇၂၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ဂျုံ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဂျုံသီးနှံ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံများအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံ စိုက်ပျိုးရာတွင် ဂျုံတစ်ဧကလျှင် ငွေကျပ် သုံးသိန်းခန့်ကုန်ကျပြီး ဂျုံတစ်ဧကလျှင် ၂၁ တင်းထွက်ရှိကြောင်း၊ ဂျုံသီးနှံကို နိုဝင်ဘာ၊ အောက်တိုဘာနှင့် ဒီဇင်ဘာလတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတွင် ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဒက္ခိဏသီရိမြို့နယ် ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်၊ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် တာဝန်ရှိသူများက ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ရဲဒိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၆၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**




"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အာစွမ်း"

နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၀၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



**ပျောက်ဆုံးကြောင်း**

တွံတေးမြို့နယ်၊ တန်းလွှားထေးကျေးရွာနေ မသိမ့်သိမ့်သွင်ရွှေ (ဘ) ဦးမြင့်ရွှေ (၁၂/တတန(နိုင်)၂၆၃၄၁)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၀၈၀၀၈၀၀



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ . . . စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နံနက်စာစားပြီး နောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီကြားကာလတွင် မုန်လာဥနီဖျော်ရည် ၃၀၀ မီလီလီတာခန့် သောက်ပေးပါက အဆုတ်သွေးကြောထဲရှိသွေးများကို အယ်ကာလီဓာတ်မြင့်စေပြီး အဆုတ်သန့်စင်စေသည်။




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့ကို ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်က အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် ဆန် ၂၄ ပြည်အိတ် ၂၀၀၀၊ စားသုံးဆီ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအပါအဝင် စုစုပေါင်း ၁၇၂ ဒသမ ၃၄၈ တန်ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေ ၁၆ ရက်မှစ၍ ယနေ့ထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၉ စီးဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊လျှပ်စစ်ပစ္စည်း၊ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်း၊လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်းစုစုပေါင်း ၇၁၂၇၁ ဒသမ ၇၈ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊Octane 92 ၁၉၉၈၈၆ ဂါလန်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ စာမျက်နှာ- ၁၉

တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ စာမျက်နှာ- ၂၂

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတိမှတ်

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းသို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ တောင်-အရှေ့တောင်ဘက် စာမျက်နှာ ၂၁ ကော်လံ ၄ ❖

၂၅-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ

